# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၈၀)

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့။


**ပြည်ထောင်စု မပြိုကွဲရေး။**
**ဒို့တာဝန်အရေး (၃) ပါး**

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ၌ ထိပ်သီးဆွေးနွေးပွဲများတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ ကျိုတိုမြို့မှ အိုဆာကာမြို့ရှိ အီတာမီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိပြီးဂျပန်လေကြောင်းလိုင်းဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တိုကျိုမြို့ရှိ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဂျပန်လေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဒုတိယသမ္မတများ ဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်လွင်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✷




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲများတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာရာ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်လွင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



# ကုလားတန်ဘက်စုံစီမံကိန်း ပထမပိုင်းအဆင့် ၂၀၁၄ ဇွန်လတွင် အပြီးသတ်ရန်မျှော်လင့်

မြန်မာနှင့်အိန္ဒိယပူးပေါင်းဆောင်ရွက်နေသည့် ကုလားတန်မြစ် ဘက်စုံသုံး နယ်စပ်ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု ပထမပိုင်းအဆင့်ကို လာမည့် ၂၀၁၄ ခုနှစ် ဇွန်လတွင် အပြီးသတ်နိုင်ရန်မျှော်လင့်ကြောင်း ယင်းစီမံကိန်းကန်ထရိုက်တာ Essar ကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရသည်။

စီမံကိန်း၏ပထမအဆင့်ဖြစ်သော 'Port-cum-inland waterway' စစ်တွေဆိပ်ကမ်းတည်ဆောက်ရေးနှင့်ကုလားတန်မြစ်ကြောင်း တူးဖော်ချဲ့ထွင်ခြင်းလုပ်ငန်းပိုင်းဆောင်ရွက်မှုသည် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း Essar ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုကြောင်း Business Line အိန္ဒိယ စီးပွားရေးသတင်းဌာနက ဖော်ပြထားသည်။

Essar ကုမ္ပဏီမှ ကုလားတန်ဘက်စုံစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့်ခွဲခြားဆောင်ရွက်ကာ ပထမအဆင့်တွင် စစ်တွေရေနက်ဆိပ်ကမ်းတည်ဆောက်ရေးနှင့် ပလက်ဝဆိပ်ခံတံတားတည်ဆောက်ရေး မိုင် ၆၀ (၁၅၈ ကီလိုမီတာ) ရှည်လျားသော စစ်တွေနှင့်ပလက်ဝအကြား ကုလားတန်မြစ်ကြောင်း ရေစူးနက်အောင်ချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းများအပြင် မြစ်ကြောင်းသွားရေယာဉ်ခြောက်စင်း တည်ဆောက်ရေး

စာမျက်နှာ ၇ ကော်လံ ၁ ❄




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အားကစားစိတ်ဓာတ်

အားကစားပြိုင်ပွဲတစ်ပွဲသည် နိုင်ခြင်း၊ ရှုံးခြင်းပြိုင်ပွဲတစ်ပွဲအတွက် အဆုံးအဖြတ်ဖြစ်သော်လည်း အနိုင်ရလို၍ မတရားသောနည်းလမ်းဖြင့် နိုင်လိုစိတ်သည် အားကစားစိတ်ဓာတ်မဟုတ်ပါ။ အားကစားပြိုင်ပွဲတစ်ပွဲသည် ရှုံးချင်လည်းရှုံးမည်။ နိုင်ချင်လည်းနိုင်မည်။ သို့သော် အမျှတဆုံးနှင့် အကောင်းဆုံးကစားဖို့တော့လိုသည်။ အသန့်ရှင်းဆုံးဖြစ်ဖို့လိုသည်။ အသန့်ရှင်းဆုံးနှင့် အကောင်းဆုံးကြိုးစားအားထုတ်အနိုင်ယူခြင်းကသာ အားကစားစိတ်ဓာတ်ဖြင့် အနိုင်ယူခြင်းဟုဆိုနိုင်သည်။

အချို့သော ကစားသမားများသည် နိုင်လိုစိတ်ဖြင့် မမှန်မကန်ကစားတတ်ကြသည်။ နိုင်လိုစိတ်သည် ဒေါသမပါသင့်။ ဒေါသယှဉ်လျှင် အမှားပါတတ်သည်။ ဒေါသသည် အမှားကိုသာဖြစ်စေသည်။ ဒေါသနှင့်ကစားသောအားကစားသည် အောင်မြင်မှုရနိုင်လိမ့်မည်မဟုတ်ပါ။ အားကစားဟူသောအလုပ်သည် ခွန်အားနှင့်စွမ်းရည်ကို ပြသယှဉ်ပြိုင်ရသော အလုပ်ဖြစ်သည်။ တစ်နည်းဆိုလျှင်ခွန်အားနှင့် စွမ်းရည်ပြိုင်ရသော အလုပ်ဖြစ်သည်။ ပြိုင်ပွဲတစ်ပွဲသည် ခွန်အား သို့မဟုတ် စွမ်းဆောင်ရည်သာလွန်သူများကသာအနိုင်ရသည်။ ရှုံးနိမ့်မှုသည် ခွန်အား သို့မဟုတ် စွမ်းဆောင်ရည်တစ်ခုခုလိုအပ်နေခြင်းကြောင့်သာဖြစ်သည်။ ယခုတစ်ပွဲ ရှုံးနိမ့်သွား၍ စိတ်ဓာတ်အားငယ်သွားဖွယ်ရာမရှိပါ။ ခွန်အားနှင့်စွမ်းဆောင်ရည်မြင့်မားလာစေရန် လုပ်နိုင်စွမ်း (ability)ကိုမြှင့်တင်ရမည်ဖြစ်သည်။ ကြိမ်ဖန်များစွာနည်းစနစ်ကျကျ လေ့ကျင့်မှုအားကောင်းလာသည်နှင့်အမျှ လုပ်နိုင်စွမ်းသည်လည်း တိုးတက်လာမည်သာဖြစ်သည်။ အားကစားဟူသောအလုပ်သည် လုပ်နိုင်စွမ်းသောစွမ်းရည်ကိုသာ ယှဉ်ပြိုင်ခြင်းသာဖြစ်သည်။ အားစမ်းသည်၊ အားချင်းယှဉ်ပြိုင်သည်၊ စွမ်းရည်ချင်းယှဉ်ပြိုင်သည်ဆိုခြင်းမှာ အားကစားပင်ဖြစ်သည်။

အားကစားသည် ဒေါသပါရမည့်အလုပ်မဟုတ်။ ဒေါသနှင့်ကစားလျှင် မတရားမှုသာဖြစ်နိုင်သည်။ မတရားသဖြင့် အနိုင်ယူရန်ကြိုးစားခြင်းသည် မှန်ကန်သော အားကစားလည်းမဟုတ်။ တစ်နည်းဆိုရလျှင် အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခြင်းမဟုတ်ပါ။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ တရားသဖြင့်သာယှဉ်ပြိုင်သင့်သည်။ ချွေးထွက်များမှ သွေးထွက်နည်းမည်ဆိုသော စကားအတိုင်း လေ့ကျင့်အားထုတ်မှုကြိမ်ဖန်များစွာ လုပ်ကိုင်ခြင်းဖြင့် တစ်နေ့အောင်ပွဲဆင်ရမည်သာဖြစ်သည်။ အားကစားစိတ်ဓာတ်ထားရှိပြီး ခွန်အားနှင့် စွမ်းရည်ထက်မြက်လာအောင် လေ့ကျင့်ခြင်းဖြင့် အောင်မြင်သော အဆင့်အတန်းတစ်ရပ်သို့ တက်လှမ်းနိုင်ရမည်ဖြစ်ပါသည်။ ။

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ LED Board များတပ်ဆင် တိုက်ရိုက်ထုတ်လွှင့်ပြသ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်ဒေသတို့တွင် လေးနေရာခွဲ၍ကျင်းပလျက်ရှိရာ သက်ဆိုင်ရာ အားကစားကွင်း/ရုံများ၌ အားကစားနည်းအလိုက် ယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မိဘပြည်သူများ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုအားပေးနိုင်ရန် MRTV၊ MRTV-4၊ MWD၊ SKY NET ရုပ်သံလိုင်းများမှ ရုပ်သံလိုင်းများတိုးချဲ့၍ တိုက်ရိုက်ထုတ်လွှင့်ပြသလျက်ရှိသကဲ့သို့ မိဘပြည်သူများအနေဖြင့် လုပ်ငန်းခွင်မပျက် ကြည့်ရှုအားပေးနိုင်ရန် အားကစားဝန်ကြီးဌာနက LED Board ကြီးများအား မြို့ကြီးများရှိ လူစည်ကားရာ နေရာအနှံ့အပြား၌ တပ်ဆင်ထားရှိ၍တိုက်ရိုက်ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ရန်ကုန်တိုင်းဒေသကြီး ကျွန်းကလေးစိုက်ခင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်သူပညာပေး ကြံစိုက်ခင်းများ စက်မှုလယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

လယ်/ဆည်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာရှိ ဧက ၁၃၀၀ စိုက်ကွင်းများ၌ ထိုင်ဝမ်မူရင်းမျိုး သဘော်ပင်များ အောင်မြင်စွာဖြစ်ထွန်းနေမှုနှင့် ရေပေးမြောင်းများ ရေများစီးဆင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် (၁၀၇) အနီးရှိ တောင်သူပညာပေး ကြံမျိုးသန့်မျိုးပွား စိုက်ကွင်းသို့သွားရောက်ပြီး ကြံပင်များဖြစ်ထွန်းနေမှုများ၊ ပဲခူးမြို့နယ်ရှိ ခပေါင်းဆည်ရေသောက် စက်မှုလယ်ယာမြေဧက ၂၀၀၀ ဖော်ထုတ်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ကုန်ထုတ်လမ်းများ၊ ရေပေးမြောင်းများ ဖော်ထုတ်နေမှုများကို တောင်ငူမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင် (၁၅၆)ရှိ တောင်သူပညာပေးစံပြ ကြံစိုက်ခင်းဧက ၂၀ ဖြစ်ထွန်းအောင်မြင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သကြားစက်များရှိရာဒေသများ၌ တစ်ရွာလျှင် အနိမ့်ဆုံး တစ်ဧက၊ နှစ်ဧကခန့် စံနမူနာပြ ပညာပေးစိုက်ကွင်းကြီးများ အကောင်အထည်ဖော်ခြင်းဖြင့် တောင်သူများ လက်တွေ့ယုံကြည်မှုရရှိစေရန် လက်လှမ်းတမီ ဆောင်ရွက်ပေးရေး တိုက်တွန်းဆွေးနွေးမှာကြားသည်။ တလင်းပျောက်စနစ်ဖြင့် ကောက်ရိတ်သိမ်းပွဲ အခမ်းအနားကို နေပြည်တော် ပျဉ်းမနားမြို့နယ် ငလိုက်ဆည်ရေသောက် အလျင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုး မိုးစပါး ဧက ၄၄၀ စိုက်ကွင်း၌ ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကောက်ရိတ်သိမ်းပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် အနှစ်သာရများ၊ တောင်သူလယ်သမားများ စက်မှုလယ်ယာစနစ် ကူးပြောင်းခြင်းဖြင့် လက်ငင်းအကျိုးကျေးဇူး ရရှိခံစားနိုင်မှုများ၊ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံနှင့်အဝန်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဖော်ဆောင်ရန် အစိုးရအပိုင်းသာမက နိုင်ငံ့ဝန်ထမ်းများ၊ မြေပြင်လက်တွေ့ အကောင်အထည်ဖော်ကြရမည့် မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများ၊ ကျေးရွာပြည်သူများက တစ်ခဲနက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်၏အရေးပါမှုနှင့် တောင်သူများ စိုက်ပျိုးထုတ်လုပ်သော လယ်ယာထွက်ကုန်များအား ဈေးကွက်ခိုင်မာစွာဖြင့် နိုင်ငံတကာတင်ပို့ရောင်းချနိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆည်ရေသောက်စနစ်များ၊ စက်မှုလယ်ယာစနစ်ကူးပြောင်းခြင်းများ၊ ဒေသနှင့်ကိုက်ညီသော သီးနှံများစိုက်ပျိုးရေး၊ သီးနှံအထွက်တိုးရေးအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်လေ့လာရေး တောင်သူလယ်သမားများသည် စက်ယန္တရားကြီးဖြင့် စိုက်ကွင်းများအတွင်း ရိတ်သိမ်းခြွေလှေ့နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာရေးတောင်သူများသည် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်း၌ ဖြစ်ထွန်းအောင်မြင်နေသော ကြံမျိုးသန့်မျိုးပွားစိုက်ခင်း၊ ဖရဲ၊ ဖရုံ၊ သခွား၊ ခရမ်း၊ မုန်ညင်း၊ မုန်လာ၊ ကညွတ်၊ နာနတ်၊ စပ်မျိုးသခွားမွှေးနှင့် စပ်မျိုး တိုင်ထောင်ခရမ်းချဉ်အမျိုးမျိုး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လေ့လာရေးတောင်သူများအား မိမိတို့နိုင်ငံသည် လယ်ယာကဏ္ဍကိုအခြေခံသော နိုင်ငံဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရ၊ ပြည်သူ၊ လုပ်ငန်းရှင်များက လုပ်ငန်းများကို ပိုမိုတိုးတက်စေရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများသည် အလွန်အရေးကြီးသကဲ့သို့ သိပ္ပံနည်းကျစိုက်နည်းစနစ်များသည်လည်း အလွန်အရေးကြီးကြောင်း၊ တောင်သူလယ်သမားများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုမလွဲမသွေရရှိနိုင်မည်ဖြစ်ကြောင်း၊ အခက်အခဲအတွေ့အကြုံ သင်ခန်းစာများအပေါ် မူတည်၍ တိုးတက်ရန်၊ ကြိုးစားရန်လိုအပ်ကြောင်း၊ လက်တွေ့ဖော်ဆောင်မှုနှင့် နည်းပညာသည်အရေးကြီးသဖြင့် တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံဖလှယ်၍တောင်သူတစ်ဦးချင်းမှသည် တစ်ရွာချင်း၊ တစ်မြို့ချင်းအလိုက်၊ တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက်မှသည် တစ်နိုင်ငံလုံးပျံ့နှံ့အောင် ဆောင်ရွက်၍ နိုင်ငံတော် ခိုင်ခံ့တောင့်တင်းရေး ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံပန္နက်တင်

**ပဲခူး ဒီဇင်ဘာ ၁၈**

ပဲခူးမြို့ ရပ်ကွက်ကြီး(၄) ဗိုလ်ချုပ်လမ်းတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီက အစီအစဉ်ငါးရပ်ဖြင့် ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အဆိုပါ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဝင်းတင်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာနာယက ဒေါ်မြင့်မြင့်စိုးနှင့် ဒေါ်တင့်မော်၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မေသူ၊ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ စုစုပေါင်း ၅၀ ကျော် တက်ရောက်ခဲ့ပြီး ဦးဝင်းတင်၊ ဒေါက်တာကျော်ဦး၊ ဒေါ်မြင့်မြင့်စိုး၊ ဒေါ်တင့်မော်နှင့် ဒေါ်မေသူတို့က အဆောက်အအုံဆောက်လုပ်ရန်အတွက် မြေနေရာအား ပန္နက်ရိုက်ပေးခဲ့၍ **(အောက်ပုံ)** စေတနာရှင်များက အဆောက်အအုံဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၄၀၇ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၁၈၃)**





သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ






ပြည်တွင်းသတင်း

# ဒုတိယသမ္မတ ဦးညွှန့်ထွန်း ရိုးရာလေှလော်ပြိုင်ပွဲကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညွှန့်ထွန်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ငလိုက်ဆည်၌ ကျင်းပသည့် ရိုးရာလေှလော်အားကစားပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။



ဒုတိယသမ္မတ ဦးညွှန့်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများ အောင်ပွဲရ မြန်မာလေှလော်ကစားသမားများနှင့်အတူ အောင်ပွဲခံစဉ်။ (သတင်းစဉ်)

ပြိုင်ပွဲတွင် ရိုးရာလေှ အမျိုးသား ၁၀ တက်လော်မီတာ ၁၀၀၀ ပြိုင်ပွဲ၌ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းတို့ ပါဝင်ယှဉ်ပြိုင်ရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို အင်ဒိုနီးရှား၊ တတိယဆုကို ထိုင်းတို့ကလည်းကောင်း၊ အမျိုးသမီးပွဲစဉ် ၁၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် စင်ကာပူ၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့ကလည်းကောင်း၊ အမျိုးသားပွဲစဉ် ၂၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့က လည်းကောင်း၊ အမျိုးသမီးပွဲစဉ် ၂၀ တက်လော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့ကလည်းကောင်း၊ အမျိုးသား အမျိုးသမီး ၁၀ တက်လော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့ကလည်းကောင်း၊ အမျိုးသား အမျိုးသမီး၂၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို မြန်မာ၊ ဒုတိယဆုကို ထိုင်း၊ တတိယဆုကို အင်ဒိုနီးရှားတို့ကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။

**ချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် အောင်ပွဲရ မြန်မာလေှလော်ကစားသမားများအား ဒုတိယသမ္မတက အားပေးနှုတ်ဆက်သည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား ၁၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယသမ္မတ ဦးညွှန့်ထွန်းနှင့် မြန်မာနိုင်ငံလေှလော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဆုများ ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် အမျိုးသမီး ၁၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က လည်းကောင်း၊ အမျိုးသား ၂၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံ လေှလော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းတို့က လည်းကောင်း၊ အမျိုးသမီး ၂၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား ACC ရိုးရာလေှ လော်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အာရှကနူး/ ကယက်လေှလော်အဖွဲ့ချုပ်အတွင်းရေးမှူး၊ မြန်မာနိုင်ငံလေှလော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းဦးတို့ကလည်းကောင်း၊ အမျိုးသား အမျိုးသမီး ၁၀ တက်လော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ လေှလော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမျိုးသား အားကစားကော်မတီ အထွေထွေအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့ကလည်းကောင်း၊ အမျိုးသား အမျိုးသမီး ၂၀ တက်လော်မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်းတို့ကလည်းကောင်း ဆုများကို ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မွေလက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များအား ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း မွေလက်ဝှေ့အားကစားရုံတွင် ဒီဇင်ဘာ ၁၇ ရက်မှ စတင်ကျင်းပလျက်ရှိသည့် မွေလက်ဝှေ့အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပသည်။

ယနေ့ ကျင်းပသည့် မွေလက်ဝှေ့ပွဲစဉ်များသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်အားပေးကြည့်ရှုကြသည်။

ယနေ့တွင် အမျိုးသား ၅၄ ကီလို ဝိတ်တန်းအုပ်စု ပတ်လည်အဆင့် အမျိုးသား မွေလက်ဝှေ့ပြိုင်ပွဲ၌ မြန်မာမှစောဒါပို့နှင့် လာအိုမှ Bouaphan Phankeo တို့ အသည်းမာမာ ဇွဲပါပါဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြရာ ပရိသတ်များက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြသည်။

နိုင်ငံဝင်းဗိုလ် မင်္ဂလာဆိုင်းအဖွဲ့မှ စည်းချက်ကျကျတီးခတ်ပေးနေသည့် ဗိန်းမောင်းသံ စည်းချက်အကြွနှင့် အပြိုင် မွေလက်ဝှေ့ယှဉ်ပြိုင် ထိုးသတ်နေကြသည့်ကစားသမားများက လက်သီး၊ တံတောင်၊ ဒူးနှင့် ဆွဲကိုင်ချုပ်တိုက်ရင်ဆိုင်တိုက်ခိုက်နည်း မျိုးစုံသုံးကာ ယှဉ်ပြိုင်ကစားကြရာ ပရိသတ်များ လွန်စွာအကြိုက်တွေ့ အားပေးကြသည်ကို တွေ့ရသည်။

ဖနောင့်၊ နဖူး၊ တံတောင်၊ ဒူးနှင့် လက်သီးအတိုက် ဒူးအရိုက်ဟူသည့် မြန်မာ့ရိုးရာလက်ဝှေ့ စည်းချက်နရီအတိုင်း ယှဉ်ပြိုင်တိုက်ခိုက်ကြသည် မဟုတ်သော်ငြား အနီးကပ်ပူးသတ်တိုက်ခိုက်ချိန်တိုင်းတွင် အချုပ်၊ အလှည့်၊ အဖြည်၊ အတိုက်တို့ဖြင့် မြိုင်ဆိုင်သွက်လက်လှသည့် တိုက်ခိုက်မှုများကို အသုံးပြုတိုက်ခိုက်ကစားကြသည်ဖြစ်ရာ မြန်မာပရိသတ်တို့များစွာ အကြိုက်တွေ့ အားပေးကြသည်ကို မြင်တွေ့ရသည်။ ကစားသမားများ၏ လက်သီးထိုးချက်များနှင့်အပြိုင် ပရိသတ်များ၏ ညာသံပေးကြွေးကြော်အားပေးသံများက ကွင်းအတွင်း ဟိန်းညံနေသည်။

သုံးချီသုံးလား ထိုးသတ်ကြပြီးနောက် မြန်မာကစားသမား စောဒါပို့က လာအိုအားကစားသမားကို အနိုင်ရရှိခဲ့ရာ ပရိသတ်များ များစွာ နှစ်ထောင်းအားရ ဂုဏ်ပြုကြသည်။

ယင်းနောက် ပွဲစဉ်များကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။ မွေလက်ဝှေ့အားကစားပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်စသည့်နိုင်ငံ ခုနစ်နိုင်ငံမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားပေါင်း ၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး မွေလက်ဝှေ့ အားကစားပြိုင်ပွဲ ပွဲစဉ်များအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



အမျိုးသားပွဲစဉ်များတွင် ကီလိုဝိတ်တန်းအားဖြင့် ၄၈ ကီလို၊ ၅၁ ကီလို၊ ၅၄ ကီလို၊ ၅၇ ကီလို၊ ၆၀ ကီလို၊ ၆၃ ဒသမ ၅ ကီလို၊ ၇၁ ကီလိုနှင့် ၇၅ ကီလိုဝိတ်တန်းများ ပါဝင်ကြောင်း၊ အမျိုးသမီးပွဲစဉ်များတွင် ၄၈ ကီလို၊ ၅၁ ကီလို၊ ၅၄ ကီလို၊ ၅၇ ကီလိုနှင့် ၆၀ ကီလိုတန်းများ ပါဝင်ကြောင်း သိရသည်။

ယခုအုပ်စုအဆင့် ပွဲစဉ်များကို ဒီဇင်ဘာ ၁၉ ရက်အထိ ဆက်လက်ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ခေတ္တရပ်နားမည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာ ၂၁ ရက်တွင် ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များ၊ ဆုပေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



နိုင်ငံတကာသတင်း



# တရုတ်နှင့်အငြင်းပွားမှုကို တုံ့ပြန်ရန်အတွက် ဂျပန်နိုင်ငံက စစ်အင်အားတိုးချဲ့မည်ဆို

**တိုကျို ဒီဇင်ဘာ ၁၈**

ဂျပန်အစိုးရဝန်ကြီးအဖွဲ့က တရုတ်နှင့်တင်းမာနေချိန် လုံခြုံရေးမဟာဗျူဟာသစ်တစ်ရပ်ကို သဘောတူလိုက်ပြီး ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လာမည့်ငါးနှစ်အတွင်း ဂျပန်နိုင်ငံက ဒရုန်းလေယာဉ်များ၊ စတယ်လ် တိုက်လေယာဉ်နှင့်ကုန်းရေနှစ်မျိုးသုံးယာဉ်များ ဝယ်ယူသွားမည်ဟု ဆိုသည်။ ဂျပန်စစ်တပ်က မရိန်းတပ်သစ်ကိုလည်း ဖွဲ့စည်းထူထောင်သွားမည်ဟု ဆိုသည်။ ကျွန်းစုကို တိုက်ခိုက်သိမ်းပိုက်နိုင်စွမ်းရှိသည့် ကမ်းတက်တပ်တစ်တပ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တိုကျိုအနေဖြင့် အရှေ့တရုတ်ပင်လယ်အတွင်း အငြင်းပွားကျွန်းစုကို ပိုင်ဆိုင်လိုခြင်းကို အကြောင်းပြု၍ ရန်ပွဲတွင် ပါဝင်လာသည်။

တရုတ်နိုင်ငံက အဆိုပါနယ်မြေပိုင်ဆိုင်မှုအပေါ် အင်အားကြီးထွားလာသကဲ့သို့ ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်လိုက်သည့်အတွက် ဂျပန်နိုင်ငံအနေဖြင့် စိုးရိမ်မှုဖြစ်လာသည်။ ဂျပန်နိုင်ငံက ဆယ်စုနှစ်တစ်ခုအကြာ ကာကွယ်ရေးအသုံးစရိတ်လျှော့ချ ဖြတ်တောက်ခဲ့ပြီးနောက် ဇန်နဝါရီလမှစပြီး ပထမဆုံး ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်လိုက်မည်ဟု လွန်ခဲ့သော တစ်နှစ်က ရွေးကောက်တင်မြှောက်ခံရသော ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ၎င်း၏စစ်အင်အား တိုးချဲ့ထူထောင်ရေးအတွက် တိုက်တွန်းဆော်ဩလိုက်သည်။ **(ဘီဘီစီ)**

# ဘရာဇီးနိုင်ငံအနေဖြင့် စနိုးဒန်းအား နိုင်ငံခိုလှုံခွင့်ပြုရန် အစီအစဉ်မရှိဟုဆို

**ဘရာဆီးလီးယား ဒီဇင်ဘာ ၁၈**

အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအေဂျင်စီမှ ဝန်ထမ်းဟောင်း အက်ဒဝပ်စနိုးဒန်းအား နိုင်ငံခိုလှုံခွင့်ပြုရန် အစီအစဉ်များမရှိကြောင်း ဘရာဇီးနိုင်ငံက ဆိုသည်။

အက်ဒဝပ်စနိုးဒန်း မော်စကိုစတင်ရောက်ရှိချိန် ပြီးခဲ့သည့် ဇွန်လကတည်းက ဘရာဇီးအစိုးရထံ နိုင်ငံခိုလှုံရန် တရားဝင်တောင်းဆိုမှု မရှိခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

တရားဝင်တောင်းဆို မှုမရှိဘဲ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းလည်း အဆိုပါပြောခွင့်ရ ပုဂ္ဂိုလ်က ဆိုထားသည်။ လက်ရှိတွင် အက်ဒဝပ်စနိုးဒန်းသည် ယာယီနိုင်ငံခိုလှုံခွင့်ဖြင့် ရုရှားနိုင်ငံ၌ နေထိုင်လျက်ရှိပြီး အဆိုပါနေထိုင်ခွင့်သည် လာမည့်နှစ် ဩဂုတ်လ၌ သက် တမ်းကုန်ဆုံးပြီဖြစ်သည်။ ဘရာဇီးနိုင်ငံ၌ယခင်ကခိုလှုံခွင့်တောင်းခံထားပြီး ဖြစ်သော်လည်းတောင်းခံမှုကို အဖြေမပေးသေးဟု သိရသည်။ **(ဆင်ဟွာ)**

# ၂၀၁၄ တွင် ဗီယက်နမ်က အလုပ်အကိုင် ၁ ဒသမ ၆ သန်း ဖန်တီးရန်မျှော်လင့်

**ဟန္နိုင်း ဒီဇင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အလုပ်အကိုင်နေရာပေါင်း ၁ ဒသမ ၆ သန်းဖန်တီးနိုင်မည်ဖြစ်ကြောင်း အလုပ်သမားနှင့်လူမှုရေးရာဝန်ကြီးဌာန အစီရင်ခံစာတစ်စောင်တွင် ဒီဇင်ဘာ ၁၇ ရက်က ဖော်ပြထားသည်။

အစိုးရစီမံကိန်း၏ ၈၇ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သော အလုပ်အကိုင်နေရာပေါင်း ၁ ဒသမ ၀၄ သန်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ ဖန်တီးပေးခဲ့ပြီးဖြစ်သည်။ စီမံကိန်းတစ်ခုလုံး၏ ၉၆ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်သော အလုပ်အကိုင်နေရာပေါင်း ၁ ဒသမ ၅ သန်းကို ၂၀၁၃ ခုနှစ်ကုန်အတွင်း ဖန်တီးပေးနိုင်ရန် မျှော်လင့်ရကြောင်း အဆိုပါ အစီရင်ခံစာက ဆိုသည်။

နိုင်ငံတစ်ဝန်းရှိ အလုပ်အကိုင်ဌာနများနှင့် ပြည်နယ်အလုပ်အကိုင်နှင့် လူမှုရေးဌာနများမှ ခေါင်းဆောင်များပါဝင်သော ဒါနန်းမြို့တွင်ကျင်းပသည့် ညီလာခံတွင် အဆိုပါ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

# ကျွန်းပိုင်ဆိုင်မှု ထပ်တလဲလဲမပြောရန် တောင်ကိုရီးယားက ဂျပန်ကိုတိုက်တွန်း

***ဆိုးလ် ဒီဇင်ဘာ ၁၈***

*ဂျပန်ပင်လယ်အတွင်းရှိ တောင်ကိုရီးယားက ထိန်းချုပ်ထားသော ကျွန်းစုများနှင့်ပတ်သက်၍ ပိုင်နက်နယ်မြေ ထပ်တလဲလဲကြေညာမှုကိုရပ်ဆိုင်းရန် ဂျပန်နိုင်ငံအား တောင်ကိုရီးယားနိုင်ငံက တိုက်တွန်းလိုက်သည်။*

*ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ တိုက်တွန်းမှုကို လျစ်လျူရှုခြင်းနှင့် ဒေါက်ဒိုကျွန်းစုကို ပိုင်နက်အဖြစ် မမျှမတ ကြေညာနေခြင်းကို ဝမ်းနည်းကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။*

*၎င်းသည် ဂျပန်က တာကေရှီးမားဟု အမည်ပေးထားသော ကျောက်ဆောင်ကျွန်းနှစ်စုကို ရည်ညွှန်းပြောခြင်းဖြစ်သည်။*

*ဂျပန်နိုင်ငံသည် အဆိုပါ ကြေညာမှုကို ချက်ချင်းရပ်ဆိုင်းသင့်ကြောင်းနှင့် သမိုင်းအမှန်တရားကို ရှုမြင်သင့်ကြောင်း ချိုတေးယောင်က ပြောကြားသည်။*

**မှတ်ချက်ချတုံ့ပြန်**

*ပိုင်နက်နယ်မြေ အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းရန် သန္နိဋ္ဌာန်ချထားခဲ့သော အဆိုပါနေ့ အစောပိုင်းတွင် ဂျပန်နိုင်ငံက နောက်ဆုံးချမှတ်ထားသော အမျိုးသားလုံခြုံရေးမဟာဗျူဟာကို ချိုက မှတ်ချက်ချတုံ့ပြန်လိုက်ခြင်းဖြစ်သည်။*

*ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ပြီးခဲ့သောဒီဇင်ဘာလတွင် အာဏာပြန်လည်ရရှိပြီးကတည်းက ပိုင်နက်နယ်မြေအငြင်းပွားမှုနှင့် နှစ်နိုင်ငံနှင့်သက်ဆိုင်သော သမိုင်းကြောင်း အယူအဆများကြောင့် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြထားသည်။* ***(ကျိုဒို)***

## ပါကစ္စတန်က အာဖဂန်နယ်စပ်တွင် တပ်ဖွဲ့ဝင်များထပ်မံချထားမည်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၈**

လာမည့်နှစ်ကုန်ပိုင်းတွင် နိုင်ငံခြားတပ်အများစုဆုတ်ခွာသွားခဲ့ပြီးနောက် ကြောက်မက်ဖွယ်ရာ ပဋိပက္ခဖြစ်နေသော အာဖဂန်နစ္စတန်နှင့်ထိစပ်နေသည့် နယ်စပ်တစ်လျှောက် စစ်သည်များ တိုးမြှင့်ချထားရန် ပါကစ္စတန်နိုင်ငံက ဒီဇင်ဘာ ၁၇ ရက်တွင် ဆုံးဖြတ်ချက်ချခဲ့ကြောင်း လုံခြုံရေးအရာရှိများက ဆိုသည်။

ဝန်ကြီးချုပ် နာဝပ်ရှရစ်က ဥက္ကဋ္ဌတာဝန်ယူထားသော အမျိုးသားလုံခြုံရေးဆိုင်ရာ အစိုးရအဖွဲ့ကော်မတီ၏ အစည်းအဝေးတွင် ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။ အိန္ဒိယနှင့်စပ်ဆက်နေသော အရှေ့နယ်စပ်ဒေသတွင် မတည်ငြိမ်မှုများရှိနေသောကြောင့် အာဖဂန်နစ္စတန်နှင့်ထိစပ်နေသော အနောက်ဘက်နယ်စပ်ဒေသတွင် နောက်ထပ်တပ်ဖွဲ့ဝင်များချထားလိမ့်မည်မဟုတ်ကြောင်း ပါကစ္စတန်က ယခင်က ပြောကြားခဲ့ဖူးသည်။ တပ်များဆုတ်ခွာပေးရန်တောင်းဆိုနေသည့်ပါကစ္စတန်လူမျိုးစုများနှင့် အဓိကတင်းမာမှုဖြစ်ပွားနေသော အာဖဂန်နယ်စပ်ဒေသတွင် စစ်သည်စုစုပေါင်း ၁၀၀၀၀၀ နီးပါးချထားသည်။ **(ကျိုဒို)**



တရုတ်စစ်ရေယာဉ်ပေါ်၌ စောင့်ကြပ်နေသည့် ရေတပ်စစ်သည်များကို နိုဝင်ဘာ ၃၀ ရက်က တွေ့ရစဉ်။

# တရုတ်နှင့်အမေရိကန် သင်္ဘောနှစ်စင်းတိုက်မိမည့်အနေအထားဖြစ်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်စစ်သင်္ဘောတစ်စင်းနှင့် အမေရိကန်ရေတပ်သင်္ဘောတစ်စင်းတို့သည် ယခုလအစောပိုင်းက တောင်တရုတ်ပင်လယ်အတွင်း တိုက်မိမည့် အနေအထားသို့ ရောက်ရှိခဲ့ကြောင်း အမေရိကန်သတင်းကို တရုတ်က အတည်ပြုခဲ့သည်။ ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသော USS Cowpens သင်္ဘောနှင့် တရုတ်သင်္ဘောတစ်စင်းတို့ ဒီဇင်ဘာ ၅ ရက်က တိုက်တော့မည့် အနေအထားသို့ ရောက်ရှိခဲ့ကြောင်း အမေရိကန်က ပြောသည်။ ယင်းသည် ၂၀၀၉ ခုနှစ်နောက်ပိုင်း တောင်တရုတ်ပင်လယ်အတွင်း တရုတ်-အမေရိကန် ထိပ်တိုက်ရင်ဆိုင်ဆုံတွေ့မှုတစ်ရပ်ဖြစ်ခဲ့သည်။ သို့သော်လည်း ယင်းကိစ္စကို သံတမန် နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်း တရုတ်တို့ကပြောသည်။ အမေရိကန်က ယင်းစစ်သင်္ဘောသည် နိုင်ငံတကာ ရေပိုင်နက်အတွင်းရှိနေသည်ဟု ဆိုသည်။ **(ဘီဘီစီ)**







✳ ***ရှေ့မှ***

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာမောင်မောင်ဌေး၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးဆက်အောင်တို့ ပြန်လည်လိုက်ပါကြသည်။

နိုင်ငံတော်သမ္မတသည် ဒီဇင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း အာဆီယံ-ဂျပန် နှစ် ၄၀ ပြည့် အထိမ်းအမှတ် ထိပ်သီးဆွေးနွေးပွဲနှင့် ငါးကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးဆွေးနွေးပွဲများကို အာဆီယံခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံ၏ စက်မှုထွန်းကားရာ ဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင်လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ထိုင်းနှင့်ဗီယက်နမ် ဗိုလ်လုပွဲတက်ရောက် မြန်မာအသင်း အကောင်းဆုံးကစားခဲ့သော်လည်း ပယ်နယ်တီဖြင့်ရှုံးခဲ့၍ မလေးရှားအသင်းနှင့် တတိယနေရာလုရမည်

သတင်း-တင်မောင်(မန္တလေး)



ဓာတ်ပုံ-စိုးညွန့်

**မန္တလေး ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မန္တလေးဇုန်တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို မန္တလေးမြို့ရှိ မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ယနေ့ညနေ ၄ နာရီက ပထမ အကြိုဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ**(အပေါ်ပုံ)** ထိုင်းအမျိုးသမီးအသင်းက ပယ်နယ်တီဖြင့်အနိုင်ရရှိသွားခဲ့သည်။

ပထမပိုင်း ၂၁ မိနစ်တွင် ထိုင်းအသင်းက ဦးဆောင်ဂိုးသွင်းယူသည်။ ယင်းဂိုးကို မြန်မာအသင်းမှ မာဂရက်မာရီက ၈၈ မိနစ်တွင် ပြန်လည်ချေပခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီဖြင့်ပြီးဆုံးခဲ့သည်။ အချိန်ပိုကစားခဲ့ရာတွင်လည်း ထိုင်းက ဦးဆောင်ဂိုးသွင်းယူပြီး ယင်းဂိုးကို ရီရီဦးက ပြန်လည်ချေပခဲ့သဖြင့် သရေကျခဲ့သည်။ သို့ဖြစ်၍ ပယ်နယ်တီငါးလုံးစီကန်သွင်းရာတွင် တစ်ဖက်လေးဂိုးစီသွင်းယူနိုင်ခဲ့ပြန်၍ နောက်ထပ်ပယ်နယ်တီဆက်ကန်ရာ ထိုင်းက ငါးဂိုးသွင်းယူနိုင်ပြီး မြန်မာက လေးဂိုးသာသွင်းယူနိုင်၍ ၁၁ ဂိုး-၁၀ ဂိုးဖြင့် ထိုင်းအသင်းအနိုင်ရရှိသည်။ ဒီဇင်ဘာ ၂၀ ရက်တွင် တတိယနေရာလုပွဲအဖြစ် မြန်မာနှင့်မလေးရှား၊ ဗိုလ်လုပွဲကို ထိုင်းနှင့်ဗီယက်နမ်တို့ ကစားရမည်ဖြစ်သည်။



**ဒီဇင်ဘာ ၁၇ ရက် ညနေခင်းက မဟာဗန္ဓုလပန်းခြံအတွင်း၌ အလုပ်ပြန်ဝန်ထမ်းများ၊ မိသားစုများအကြား နိုင်ငံခြားသားဧည့်သည်နှစ်ဦး အနားယူလျက်ရှိသည်ကို ကြည်နူးဖွယ်မြင်ကွင်းအဖြစ် တွေ့မြင်ရစဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်း

# (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သေနတ်ပစ်ပြိုင်ပွဲများ ကျင်းပပြီးစီး ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ သေနတ်ပစ်ပြိုင်ပွဲများ၏ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီက ရန်ကုန်ဇုန် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားကွင်း၌ ကျင်းပရာ 10m Air Pistol Women (Individual) ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံက ဒုတိယ ငွေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက တတိယ ကြေးတံဆိပ်ဆု၊ 10m Air Pistol Women (Team) ပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ ရွှေတံဆိပ်ဆု၊ မလေးရှားနိုင်ငံက ဒုတိယငွေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံက တတိယကြေးတံဆိပ်ဆု၊ 10m Air Pistol Men (Individual) ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ မလေးရှားနိုင်ငံက ဒုတိယငွေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံက တတိယကြေးတံဆိပ်ဆု၊ 10m Air Pistol Men (Team) ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ပထမရွှေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံက ဒုတိယငွေတံဆိပ်ဆု၊ မလေးရှားနိုင်ငံက တတိယကြေးတံဆိပ်ဆု၊ 25m Sport Pistol Women (Individual) ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ မလေးရှားနိုင်ငံက ဒုတိယငွေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက တတိယကြေးတံဆိပ်ဆု၊ 10m Air Pistol Women (Team) ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ပထမရွှေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံက ဒုတိယငွေတံဆိပ်ဆု၊ ထိုင်းနိုင်ငံက တတိယကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိရာ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီနှင့် တာဝန်ရှိသူများအသီးသီးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်က အထူးကောင်တာနှင့် ရွေ့လျားဘဏ်အဖွဲ့ဖြင့် ဝန်ဆောင်မှုပေးနေ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံတကာအားကစားသမားများ ပြည်တွင်း ပြည်ပပွဲကြည့်ပရိသတ်များ၊ ပြည်သူအများအား လွယ်ကူလျင်မြန် ထိရောက်သော ငွေကြေးဝန်ဆောင်မှုများဆောင်ရွက်ပေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ်သည် နေပြည်တော်ဘဏ်ခွဲတွင် ဝန်ဆောင်ပေးမှုအပြင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရွာရှိ Social Zone တွင် အထူးကောင်တာဖွင့်လှစ်ခြင်း၊ နေပြည်တော်မြို့တွင်းလူစည်ကားရာနေရာများသို့ ရွေ့လျားဘဏ်ဝန်ဆောင်မှုအဖွဲ့ဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို ဒီဇင်ဘာ ၁၁ ရက်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော် မြန်မာ့စီးပွားဘဏ်၏ အထူးကောင်တာကို ဝဏ္ဏသိဒ္ဓိအားကစားရွာရှိ Social Zone ဆိုင်ခန်းအမှတ် (၁၄)တွင် ဖွင့်လှစ်၍ တန်ဖိုးကြီးငွေစက္ကူများကို တန်ဖိုးငယ်ငွေစက္ကူများဖြင့် လဲလှယ်လိုသောသူများအား ဝန်ဆောင်မှုပေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နေ့စဉ်ရည်ညွှန်းနှုန်းကို အခြေခံ၍ နိုင်ငံခြားငွေလဲလှယ်ပေးခြင်း၊ ဟောင်းနွမ်းစုတ်ပြဲငွေစက္ကူများကို တန်ဖိုးတူငွေစက္ကူသစ်များဖြင့်လဲလှယ်ပေးခြင်းနှင့် ပြည်တွင်း ငွေလွှဲလုပ်ငန်းဆောင်ရွက်ပေးခြင်းတို့ဖြင့် အများပြည်သူတို့အား ငွေကြေးဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်၏ ရွေ့လျားဘဏ် ဝန်ဆောင်မှုအဖွဲ့ကလည်း မော်တော်ယာဉ်ဖြင့် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင်လည်းကောင်း၊မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ Junction ကုန်တိုက်၊ Capital ကုန်တိုက် စသည့်ဈေးကွက်များတွင်လည်းကောင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းမှအပ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပနေစဉ် ကာလအတွင်း အားကစားပွဲများကျင်းပရာ မြို့အသီးသီး၌ ရောက်ရှိနေသော ပြည်တွင်း ပြည်ပ အားကစားသမားများ၊ ပွဲကြည့်ပရိသတ်များ၊ ဒေသနေပြည်သူများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဒေသများရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများက ဘဏ်ဝန်ဆောင်မှုများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်း၌ ဆက်လက် ကျင်းပရန်ရှိသည့် နိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက်လည်း ယခုနည်းလမ်းများအတိုင်း ဘဏ်ဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နေပြည်တော်ဘဏ်ခွဲ၊ ဝဏ္ဏသိဒ္ဓိအားကစားရွာ Social Zone အထူးကောင်တာနှင့် ရွေ့လျားဘဏ်ဝန်ဆောင်အဖွဲ့က ဒီဇင်ဘာ ၁၇ ရက်တွင် တန်ဖိုးကြီးငွေစက္ကူများကို တန်ဖိုးငယ်ငွေစက္ကူများဖြင့် လဲလှယ်ပေးသည့် ပမာဏ ငွေကျပ် ၇ ဒသမ ၄၈၅၄ သန်းရှိပြီး နိုင်ငံခြားငွေလဲလှယ်ပေးခြင်းနှင့် ပြည်တွင်း ငွေလွှဲပေးပို့ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ ဤဝန်ဆောင်မှုများကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ လာရောက်သူများ၊ နေပြည်တော်နေ ပြည်သူများ အထူးနှစ်သက်သဘောကျလျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**









## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊အကွက်အမှတ် ၅၃၊ အကွက်အမည် ၃၉၊ ဧရိယာ ဒသမ၁၂၆၉ဧကရှိ ဦးခင်မောင်မြင့် အမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အာဆီယံ-ဂျပန်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမျှော်မှန်းချက်ကြေညာချက်
# “တူညီသောအမြင်၊ တူညီသောသွင်ပြင်လက္ခဏာ၊ တူညီသောရည်မှန်းချက်”

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံ/အစိုးရခေါင်းဆောင်များဖြစ်ကြသော ကျွန်ုပ်တို့သည် အတူတကွ ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အာဆီယံ-ဂျပန်မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးပူးတွဲကြေညာချက်(ဘာလီကြေညာချက်)၏ အရေးပါမှုကို အသိအမှတ်ပြုကြလျက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ကြေညာခဲ့သော ဂျပန်နိုင်ငံ၏ အာဆီယံဆိုင်ရာ သံတမန်မူဝါဒ (၅)ရပ်ကို အလေးထားလျက် အာဆီယံ ပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်ပါ မူဝါဒများ၊ စံသတ်မှတ်ချက်များကို လိုက်နာကြလျက် အာဆီယံနှင့်ဂျပန်နိုင်ငံအကြား အောက်ပါကဏ္ဍလေးခုတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရန် ထပ်လောင်းအတည်ပြုကြပါသည်-

**ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် မိတ်ဖက်များ**

ကျွန်ုပ်တို့သည် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာအလေးထားသည့် ကိစ္စရပ်များတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းဆောင်ရွက်သွားရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်-

- နိုင်ငံတကာမှ အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အခြေခံသဘောတရားများကို လေးစားလိုက်နာခြင်းနှင့် အစွန်းမရောက်သောမူဝါဒများကို ထိန်းသိမ်းခြင်းအားဖြင့် ငြိမ်းချမ်းရေးမြတ်နိုးသည့်နိုင်ငံများအဖြစ် ငြိမ်းချမ်းရေးဆိုင်ရာတန်ဖိုးများကို ဆက်လက်ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။
- နိုင်ငံတကာမှ အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အခြေခံသဘောတရားများနှင့်အညီ ဆွေးနွေးမှုများ၊ ညှိနှိုင်းမှုများပြုလုပ်ကြပြီး အင်အားသုံးဖြေရှင်းမှုများကို ရှောင်ရှားလျက် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- တရားဥပဒေစိုးမိုးရေး၊ သန့်ရှင်းသည့်အစိုးရ၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများ တိုးမြှင့်ရန်အတွက် ဆွေးနွေးမှုများနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- သဘာဝဘေးအန္တရာယ်များ ထိန်းချုပ်ရေး၊ ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းလုပ်ငန်းများ၊ နျူကလီးယားလက်နက် မပြန့်ပွားရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ပင်လယ်ရေကြောင်းသွားလာမှုလုံခြုံရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ပါသည်။

**ကြွယ်ဝချမ်းသာမှုအတွက် မိတ်ဖက်များ**

ကျွန်ုပ်တို့သည် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်သွားရန်ထပ်လောင်း အတည်ပြုပါသည်-

- ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှု၊ ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်သွယ်မှု၊ အာဆီယံ-ဂျပန် မဟာဗျူဟာမြောက် စီးပွားရေးမိတ်ဖက်သဘောတူညီချက်နှင့် အာဆီယံ-ဂျပန် ၁၀နှစ် မဟာဗျူဟာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံအစရှိသည့် နှစ်ဖက်အကျိုးရှိစိတ်ဝင်စားသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အာဆီယံပေါင်းစပ်ဆက်သွယ်ရေးနှင့်ပိုမိုကျယ်ပြန့်သော ဒေသတွင်းပေါင်းစပ်ဆက်သွယ်မှုအတွက် အထောက်အပံ့ပေးသွားရန်၊ စီးပွားရေးကဏ္ဍများကို အသုံးချပြီး ပေါင်းစပ်ဆက်သွယ်ရေးကို တိုးမြှင့်သွားရန်၊ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်သွားရန်၊ ဗဟုသုတကိုအခြေခံပြီး ဆန်းသစ်သောစက်ရုံလုပ်ငန်းများ တိုးမြှင့်သွားရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုလျှော့ချရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အာဆီယံနှင့်ဂျပန်နိုင်ငံအကြား လေကြောင်းနှင့်ပင်လယ်ရေကြောင်းဆက်သွယ်ရေး၊ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂပင်လယ်ပြင်ဆိုင်ရာ ဥပဒေနှင့်နိုင်ငံတကာ မြို့ပြလေကြောင်းအဖွဲ့တို့၏စံညွှန်းများနှင့် လက်တွေ့လုပ်ဆောင်မှုများနှင့်အညီ လွတ်လပ်စွာကူးသန်းသွားလာရေးနှင့် လေကြောင်းပျံသန်းမှုလွတ်လပ်ခွင့်ရရှိရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အရည်အသွေးပြည့်မီသည့်လူနေမှုအဆင့်အတွက် မိတ်ဖက်များ**

ကျွန်ုပ်တို့သည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့်လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ကျော်လွှားသွားနိုင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်သွားရန် ကတိကဝတ်ထားရှိပါသည်-

- သိပ္ပံနှင့်နည်းပညာ၊ဆန်းသစ်တီထွင်မှု၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနှင့် ဆိုင်ဘာလုံခြုံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ပါသည်။
- လယ်ယာစိုက်ပျိုးရေး၊ စားနပ်ရိက္ခာလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ နျူကလီးယားအကာအကွယ်ထားရှိမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုတို့တွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ပါသည်။
- ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ မြို့ပြတည်ထောင်ခြင်းနှင့် သက်ကြီးဦးရေများပြားလာခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့်ဆင်းရဲမှုပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ကမ္ဘာ့ကျန်းမာရေးအစီအမံတစ်ရပ်ပေါ်ထွန်းရေးအတွက် ကျန်းမာရေး စနစ်တစ်ရပ်တိုးမြှင့်ဆောင်ရွက်သွားရန်၊ လူမှုလုံခြုံရေးကွန်ရက်နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်နိုင်ရေးအတွက် အတွေ့အကြုံနှင့် ဉာဏ အရင်းအမြစ်များ ဖလှယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ၂၀၁၅ ခုနှစ်နှင့် ၂၀၁၅ခုနှစ်လွန်ကာလတို့တွင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံ၊ ဆုံးဖြတ်ချက်အမှတ် (၆၆/၂၉၀)နှင့်အညီ အာဆီယံနှင့်ဂျပန်နိုင်ငံတို့ရှိ ပြည်သူများ၏စားဝတ်နေရေးမြှင့်တင်သွားရန်နှင့်လူသားလုံခြုံရေးကို ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

**နှလုံးသားချင်းဆက်ဆံမှုမိတ်ဖက်များ**

ကျွန်ုပ်တို့သည် အပြန်အလှန်ယုံကြည်မှု၊ နှလုံးသားချင်းနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- ယဉ်ကျေးမှုနှင့်အနုပညာ အပြန်အလှန်ဖလှယ်ဆောင်ရွက်သွားရန်၊ ပြည်သူလူထုအချင်းချင်းခရီးသွားလာမှု၊ လူငယ်ရေးရာနှင့် အားကစားတို့တွင် ပိုမိုလည်ပတ်ထိတွေ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ဘာသာစကားသင်ကြားမှုအပါအဝင် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါသည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ယင်း၏ အကောင်အထည်ဖော်ရေးအစီအစဉ်နှင့်အတူ ချမှတ်အတည်ပြုပါသည်။

**အလွတ်သဘောဘာသာပြန်ဆိုချက်**



## ဆရာဇော်ဂျီစာကြည့်တိုက်သို့ အလှူငွေလှူဒါန်း

**ဖျာပုံ ဒီဇင်ဘာ ၁၈**

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်ဝင်းအတွင်း၌ ဆောက်လုပ်ဆဲဖြစ်သော တိုးချဲ့ဆောင်သစ်အတွက် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၄ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်တို့က အလှူငွေကျပ် ၁၀ သိန်းနှင့် ကမ္ဘာ့ရတနာဘဏ်(ယခင် မွေးမြူရေးဘဏ်)က အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝေမြင့်နှင့်အဖွဲ့ဝင် ဦးသိန်းထွန်း(ခ)ဦးပေါက်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ တိုးချဲ့ခန်းမဆောင်သစ်သည် အလျားပေ ၈၀၊ အနံ ၃၅ပေ၊ အမြင့် ၁၅ ပေ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျပ်သိန်းပေါင်း ၄၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီး ဆက်လက် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သည် ဆရာဇော်ဂျီ၏မွေးရပ်မြေ ဖျာပုံမြို့တွင်တည်ရှိပြီး ယခုအခါ စာကြည့်တိုက်တွင် သုတ ရသ စာအုပ်မျိုးစုံစာအုပ်ပေါင်း နှစ်သောင်းကျော်ကို စုဆောင်းထားနိုင်သည့်အပြင် လစဉ်ထုတ်မဂ္ဂဇင်း ၃၀၊ အပတ်စဉ်ထုတ်ဂျာနယ် ၃၀ နှင့်နေ့စဉ်ထုတ်သတင်းစာများကိုပါ အချိန်နှင့်တစ်ပြေးညီ အများပြည်သူဖတ်ရှုနိုင်အောင် စီစဉ်ထားသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တွင် စာကြည့်တိုက် အသင်းဝင်ဦးရေ နှစ်ထောင်ကျော်ရှိပြီး နေ့စဉ်စာအုပ်ငှားသူ စာဖတ်သူ ၂၀၀ ခန့်ဖြင့် စည်ကားလျက်ရှိကြောင်းနှင့် ဆက်သွယ်လိုပါက ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် ဖုန်း-၀၄၅-၄၀၉၉၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## စာရေးဝန်ထမ်းအခြေခံသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၄၃) သင်တန်းဖွင့်လှစ်ရာ ပါမောက္ခချုပ် ဦးညီညီစံက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

**တက်ရောက်**

ယင်းသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြဆရာများနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၄၃)သို့ တက်ရောက်ကြမည့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ စာရေးအဆင့်ရှိ သင်တန်းသား ၄၁ ဦး၊ သင်တန်းသူ ၁၄၄ ဦး စုစုပေါင်း ၁၈၅ ဦးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်းအမှတ်(၄) အလုံ၏ ရင်သွေးငယ်များ ကျောင်းတွင်းအားကစားစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက်က ကျောင်းရှေ့မြေပြင်ကွင်း၌ ကျင်းပသည်။ **(အောက်ပုံ)** ရင်သွေးငယ် ၁၉၀ကို အသက် သုံးနှစ်မှလေးနှစ်အထိ အငယ်တန်း၊ လေးနှစ်မှ ငါးနှစ်အထိ အကြီးတန်းခွဲခြားကာ ကလေးငယ်များဆိုင်ရာ အားကစားပြိုင်ပွဲ ၂၂ မျိုး ကျင်းပပြီး ပြိုင်ပွဲဆုရ ရင်သွေးငယ်များအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းက ဆုများ ပေးအပ်ချီးမြှင့်သည်။ **အောင်သန်း (မင်္ဂလာတောင်ညွန့်)**



## အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၁၈**

အမေရိကန်သံရုံး၏ စီစဉ်မှုဖြင့် ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက် နေလသုခ ဗိမာန်တော်ကြီးတွင် အင်္ဂလိပ်စကားပြော သင်တန်း English Access Micro-scholarship Program ကို နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နှစ်နှစ်သင်တန်းအဖြစ် သင်ကြားပေးလျက်ရှိကြောင်း သင်တန်းကို စီစဉ်ကြီးကြပ်လျက်ရှိသော ကုန်းမြင့်သာစာသင်တိုက် စာချဆရာတော် ဦးကောသလ္လ၏ မိန့်ကြားချက်များအရ သိရှိရသည်။

အဆိုပါ အင်္ဂလိပ်စကားပြောသင်တန်း English Access Micro-scholarship Program သင်တန်းကို လူမျိုးမရွေး ဘာသာမရွေးတက်ရောက်နိုင်ပြီး တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက် သင်ကြားလျက်ရှိသည်။ **(အောက်ပုံ)**



အဆိုပါသင်တန်း တက်ရောက်ရန်အတွက် အသက် ၁၃ နှစ်မှ ၁၈ နှစ်ရှိ အလယ်တန်းအဆင့်မှ တက္ကသိုလ်ပထမနှစ်ကျောင်းသား ကျောင်းသူများကို အဓိကလျှောက်ထားစေရာ လူဦးရေ ဘာသာစုံမှ ၃၀၀ ဝန်းကျင် လျှောက်ထားသည်။ အဆိုပါ လျှောက်ထားသူများအား ဝင်ခွင့်အနေဖြင့် ပရဟိတ လူငယ်နှင့်လူမှုရေးစိတ်ဓာတ်ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးဖြေဆိုစေပြီး အောင်မြင်သူများကို လူတွေ့နှစ်ကြိမ် ထပ်မံတွေ့ဆုံအင်တာဗျူး ဖြေပြီး သင်တန်းသားဦးရေ ၅၀ ကို သင်တန်းတက်ရောက်ခွင့်ပြုခဲ့သည်။

English Access Micro-scholarship Program သင်တန်းပြီးဆုံးသွားပါက တက်ရောက်လျက်ရှိသော သင်တန်းသားများ၏ အကျိုးခံစားခွင့်နှင့် အမေရိကန်သံရုံးမှ သင်တန်းသို့ ပံ့ပိုးမှုအခြေအနေများကို ဆရာတော်ဦးကောသလ္လအား ထပ်မံမေးမြန်းရာ “အခုချိန်မှာတော့ သံရုံးဘက်က သင်ကြားပေးမယ့် သံရုံးဝန်ထမ်းဆရာတွေ လွှတ်ပေးတယ်၊ ကျန်တဲ့အပိုင်းကတော့ ဦးဇင်းတို့က ဖြည့်ဆည်းပေးတယ်၊ အနီးကပ်ကြီးကြပ်ပေးတယ်၊ သင်တန်းပြီးသွားခဲ့ရင် သံရုံးရဲ့ အသိအမှတ်ပြုလက်မှတ်ရမယ်၊ ဒီလိုသင်တန်းကို သံရုံးရဲ့စီစဉ်မှုနဲ့ မြန်မာတစ်နိုင်ငံလုံး ဌာန ၁၀ ခုလောက်ဖွင့်တယ်လို့သိရတယ်၊ ထူးချွန်စွာအောင်မြင်တဲ့သူတွေကိုတော့ အမေရိကန်နိုင်ငံကို လေ့လာရေးသွားရမယ်လို့ပဲ သိထားတယ်၊ ပြည်တွင်းလေ့လာရေးကတော့ သေချာပေါက်သွားရမယ်”ဟု ထပ်မံမိန့်ကြားသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ပြည်တွင်းသတင်း

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အင်ဒိုနီးရှားနိုင်ငံ House of Representative ဥက္ကဋ္ဌ H.E. Mr. Marzuki Alie ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ထွက်ခွာပြီး အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Soekarno Hatta လေဆိပ်၌ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၅ မိနစ်က ရောက်ရှိရာ အင်ဒိုနီးရှားနိုင်ငံ House of Representative မှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စု လွှတ်တော်နာယကသည် ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတရုံး ဧည့်ခန်းမ



ဆောင်၌ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ H.E. Dr. Boediono နှင့် တွေ့ဆုံသည်။ (ဝဲပုံ)

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ပြည်ထောင်စု လွှတ်တော်နာယကနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားနိုင်ငံလွှတ်တော် Regional Representatives Council ဥက္ကဋ္ဌ H.E. Mr. Irman Gusman နှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် လွှတ်တော်ရေးရာ လုပ်ငန်းများဆောင်ရွက်မှု အတွေ့အကြုံများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်မှုအတွေ့အကြုံများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ယင်းနောက် အင်ဒိုနီးရှားနိုင်ငံလွှတ်တော် ကျင်းပနေမှုနှင့် အင်ဒိုနီးရှားနိုင်ငံလွှတ်တော် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Marty Natalegawa နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ OTAကျောင်းဆင်းပွဲ အကြိုဗိုလ်လောင်းများနှင့် အိန္ဒိယတပ်မတော်တပ်ရင်းများ စွမ်းရည်ပြအခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ တိုင်းမှူး Lt-Gen Gyan Bhushan PVSM, UYSM, AVSM, VSM, ADC နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ရှေးဟောင်းယဉ်ကျေးမှု နေရာများဖြစ်သည့် City Palace နှင့် Pink City သို့ သွားရောက်လေ့လာကာ Jaipur လေဆိပ်မှ အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် Gaya လေဆိပ်သို့ ရောက်ရှိရာ Officer Training Academy ကျောင်းအုပ်ကြီး Lt-Gen G S Bisht, VSM နှင့်ဇနီးက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် Officer Training Stadium ၌ ကျောင်းဆင်းဗိုလ်လောင်းများနှင့် အိန္ဒိယတပ်မတော်တပ်ရင်း အသီးသီးတို့မှ စွမ်းရည်သရုပ်ပြသခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား OTA ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ဆက်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Four mtd Sowars & GCs ၏ အလေးပြုခြင်းကို ခံယူပြီးနောက် အိန္ဒိယကြည်းတပ်လေ့ကျင့်ရေး အရာရှိချုပ် Lt. General Sanjeev Madhok နှင့်အတူ သရုပ်ပြမှုများကို ကြည့်ရှုအားပေးသည်။ သရုပ်ပြပွဲတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံတော်အလံများနှင့် ကျောင်းအလံများချိတ်ဆွဲထားသည့် အပေါ့စားလေယာဉ်ငယ်လေးစင်းက ပျံသန်းအလေးပြုကြသည်။

ဆက်လက်၍ ဗိုလ်လောင်းများ၏ မြင်းစီးအလှ သရုပ်ပြသခြင်းများ၊ အမှတ်(၅၀)လေထီးတပ်မအဖွဲ့များမှ ကျွမ်းဘားအားကစား၊ ကရာတေး၊ ကိုယ်ခန္ဓာကြံ့ခိုင်မှု သရုပ်ပြသခြင်းများနှင့် ပေ ၁၀၀၀၀ အမြင့်မှ အလွတ်လေထီးခုန် သရုပ်ပြသခြင်းများ၊ ရိုးရာ Malkamb စွမ်းရည်သရုပ်ပြသခြင်းများ၊ Khukri ကကွက် သရုပ်ပြသခြင်းများ၊ ဆိုင်ကယ်စီး သရုပ်ပြသခြင်းများ၊ စစ်တီးဝိုင်းအဖွဲ့မှ သရုပ်ပြသခြင်းများနှင့် Army Aero Nodal Cender မှ ADIOS လေယာဉ်ဖြင့် ဖြတ်ကျော်ပျံသန်း သရုပ်ပြသခြင်းများ ပြသသည်။

ညပိုင်းတွင် OTA အရာရှိ စားရိပ်သာ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့ ဗိုလ်လောင်းများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း OTA အရာရှိ စားရိပ်သာ၌ ကျင်းပသည့်ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်စဉ်။ (မြဝတီ)

## ဆီးဂိမ်းအားကစားအဖွဲ့ခေါင်းဆောင်များ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အားကစား အဖွဲ့ခေါင်းဆောင်များ ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် အားကစားရွာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်းက လိုအပ်ချက်များညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❊ ရှေ့ဖုံးမှ

လုပ်ငန်းလည်း ပါဝင်ကြောင်း သိရသည်။

ယခုအခါ ဒုတိယအဆင့် ဖြစ်သော ကီလိုမီတာ ၁၀၉ ဒသမ ၂ ရှည်လျားသော ပလက်ဝမှ နယ်စပ်အထိ လမ်းဖောက်လုပ်ရေး စီမံကိန်းအတွက် အပြီးသတ် ဒီဇိုင်းရေးဆွဲမှုများ ပြုလုပ်လျက်ရှိသည်ဟုလည်း သိရသည်။

တတိယအဆင့်ဖြစ်သည့် မီဇိုရမ်ပြည်နယ် လောင်တလိုင်မြို့နှင့် ချင်းပြည်နယ် နယ်စပ်အကြား အဝေးပြေးလမ်း ဖောက်လုပ်ရေးစီမံကိန်းမှာလည်း ကီလိုမီတာ ၆၀ နီးပါး ပြီးစီးပြီဖြစ်ကြောင်း မီဇိုရမ်ပြည်နယ်အစိုးရထံမှ သိရသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ကို ဖြတ်သန်းဖောက်လုပ်မည့် ရေကြောင်းလိုင်းနှင့် အဝေးပြေး ကုန်းလမ်းပို့ဆောင်ရေးလမ်းသစ် ဆောင်ရွက်မှုလုပ်ငန်းများ ပြီးစီးပါက ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးအတွက် သာမက ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီး အစည်းအဝေးတွင် ပြောကြားခဲ့သည်။

စီမံကိန်းတစ်ခုလုံး ပြီးဆုံးပါက အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အပြီးအပိုင် လွှဲအပ်ပေးသွားမည်ဖြစ်ကာ မြန်မာနိုင်ငံမှ ထိန်းသိမ်းအုပ်ချုပ်မှုပိုင်းကိုသာလျှင် တာဝန်ယူရမည်ဟု သိရသည်။

ကုလားတန်မြစ် စီမံကိန်းသည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစိုးရများက ၂၀၀၈ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၁၅ ခုနှစ်၌ အပြီးသတ် အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၁၄ သန်းခန့် လျာထားကြောင်း သိရသည်။

**သတင်း - CL ထန်းငါ**
**ဓာတ်ပုံ - Asianfame Media Group**

## ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်သို့ ဘာသာရပ်အလိုက် ဝင်ခွင့်ပြု ထူးချွန်ကျောင်းသား ကျောင်းသူစာရင်းထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံဘာသာရပ် တစ်ခုစီအတွက် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအနက် ထူးချွန်ကျောင်းသား ကျောင်းသူ ၁၅ ဦးစီ ဦးစွာရွေးချယ်ခေါ်ယူခဲ့သည်။

ထို့နောက် ဝိဇ္ဇာ/သိပ္ပံဘာသာရပ် ထူးချွန်ကျောင်းသားဦးရေကို ထပ်မံတိုး၍ ဒီဇင်ဘာ ၉ ရက် နောက်ဆုံးထား လျှောက်လွှာခေါ်ယူခဲ့သည်။ မိမိတို့နှစ်သက်ရာ ရန်ကုန်-မန္တလေး တက္ကသိုလ်တို့သို့ လျှောက်ထားလာသော ကျောင်းသား ကျောင်းသူများအနက် ဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်များနှင့် ကိုက်ညီသူစာရင်းကို ဒီဇင်ဘာ ၁၆ ရက်က အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)က ထုတ်ပြန်ခဲ့သည်။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဝင်ခွင့်ရကျောင်းသား ကျောင်းသူများကိုလည်း သက်ဆိုင်ရာ တက္ကသိုလ်များမှ အကြောင်းကြားစာပေးပို့မည်ဟု သိရှိရသည်။

ဘာသာရပ်တစ်ခုလျှင် ယင်းဝင်ခွင့်ရရှိပြီး ကျောင်းလာရောက်အပ်နှံထားသူ စာရင်းအပါအဝင် ၅၀ စီ ခေါ်ယူခဲ့သည်။ သို့သော် အချို့ဘာသာရပ်များတွင် ၅၀ ကျော်ရှိသော်လည်း အချို့ဘာသာရပ်တွင် သတ်မှတ်ဦးရေ ပြည့်မီအောင် လျှောက်ထားလာခြင်းမရှိပေ။အဆိုပါ ကျောင်းသား ကျောင်းသူများသည် ပထမနှစ်သင်တန်းမှစ၍ ဝင်ခွင့်ရဘာသာရပ်အလိုက် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် တက်ရောက်ကြရမည်ဖြစ်သည်။

### ယူဆောင်လာ

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ(သို့) ၂၀၁၃ ခုနှစ်မတိုင်မီ တက္ကသိုလ်ဝင်ခွင့်ရပြီးသူများသည် နေ့သင်တန်း (သို့) အဝေးသင်တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားလိုပါက ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထားဆောင်ရွက်ကြရမည်ဟု သိရသည်။ ကျောင်းပြောင်းလျှောက်ထားသူများသည် ဝင်ခွင့်ရတက္ကသိုလ်မှ နုတ်ထွက်စာမူရင်း(သို့) ထောက်ခံစာမူရင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ပေးသည့် အမှတ်စာရင်းမူရင်းနှင့် ကျောင်းသား (သို့) မိဘနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ ယူဆောင်လာကြရမည် ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်သို့ ဘာသာရပ်အလိုက် ထပ်မံထူးချွန်ဝင်ခွင့်ရကျောင်းသား ကျောင်းသူများမှာ စုစုပေါင်း ၈၈၆ ဦးနှင့် မန္တလေးတက္ကသိုလ်သို့ ဘာသာရပ်အလိုက် ထူးချွန်ဝင်ခွင့်ရကျောင်းသား ကျောင်းသူများမှာ စုစုပေါင်း ၆၅၉ ဦးရှိသည်ဟု သိရသည်။

**ခင်ချိုဝင်း**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## ပြည်တွင်းသတင်း

*✻ ကျောဖုံးမှ*

အလုပ်အကိုင်ရှာဖွေရန် သွားရောက်ကြရသည့် ရွှေ့ပြောင်းအလုပ်သမားများ၏အရေအတွက်သည် တစ်နေ့တခြား များပြားလာပါကြောင်း။

ထိုသို့ နိုင်ငံတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်နေကြသည့် လူနေမှုပုံစံသစ်သည် ကြီးထွားလာနေပြီး အလုပ်သမားစေလွှတ်သည့် နိုင်ငံအတွက်ရော၊ လက်ခံသည့်နိုင်ငံအတွက်ပါ ထိုနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးသက်ရောက်မှု ရှိနေပါကြောင်း။

မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ဖြစ်သည့် International Organization for Migration (IOM) အဖွဲ့သို့ ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးကို တတ်နိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်ပေးနေသော နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ပြည်တွင်းပြည်ပရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် နိုင်ငံတကာမှ သိရှိစေရန် ဖြစ်ပါကြောင်း။

ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကောင်းမွန်သောအကျိုးသက်ရောက်မှုများကို မြှင့်တင်ပေးရန်၊ မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်နေသူများအား အသိပညာပေးမှုနှင့် ကူညီစောင့်ရှောက်ပေးမှုကို မြှင့်တင်



ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပေးရန်၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူများနှင့် မိသားစုများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်များလည်းပါရှိကြောင်းကို သိရှိနိုင်ရန်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေ ပြောင်းလဲမှုနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဆင်းရဲနွမ်းပါးမှု စသည့် အမျိုးမျိုးသောအခြေအနေ မတူညီမှုများကြောင့် ယနေ့ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ရှိသည့်အနက် ရွှေ့ပြောင်းအလုပ်သမား အရေအတွက်သည် ၂၁၄ သန်းခန့်ရှိသည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားပြီး လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်း ၄၀၀ ကျော်ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း။

မြန်မာအလုပ်သမားများအနေဖြင့် ပြည်ပအလုပ်အကိုင်များမှ ရရှိလာသည့်ဝင်ငွေကို မိသားစုများထံ တရားဝင် ငွေလွှဲပို့ပေးနိုင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့သွားရောက် အလုပ်လုပ်ကြသည့်နိုင်ငံနှင့် လုပ်ငန်းအမျိုးအစားအလိုက်ရရှိလာမည့် အတွေ့အကြုံ၊ အသိပညာ၊ အတတ်ပညာများကိုလည်း ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ခြင်း၊ အလုပ်သမားများ ကျွမ်းကျင်မှုကိုမြှင့်တင်သင်ကြားလေ့ကျင့်ပေးနိုင်ခြင်း၊ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်းကြောင့် ဆင်းရဲမှုလျော့ကျစေခြင်းနှင့် လူမှုစီးပွားဘဝမြင့်မားလာစေခြင်း အကျိုးတရားများကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ရွှေ့ပြောင်းအလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်အားသယံဇာတတစ်မျိုးဖြစ်သကဲ့သို့ မူရင်းနိုင်ငံနှင့် လက်ခံသည့်နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါ

**ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံရှိ International Organizatio n for Migration (IOM) အကြီးအကဲ Mr.Kieran William Gorman-Best ဖတ်ကြားစဉ်။** (သတင်းစဉ်)



သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည့်သူများ ဖြစ်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဘေးအန္တရာယ်ကင်းပြီး ဥပဒေနှင့်အညီ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်နိုင်သည့် လမ်းကြောင်းများ ဖြစ်ပေါ်လာစေရေး၊ ခေါင်းပုံဖြတ်ခံရမှုမှ ကာကွယ်တားဆီးရေး၊ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရေးတို့ကို သက်ဆိုင်ရာနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့အတူ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းဖြစ်သည့် ASEAN Declaration on the Protection and Promotion of the Rights of Migrant Workers တွင် ပါရှိသည့်မူဝါဒများနှင့် အဆိုပြုချက်များကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း။

ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သည့် နိုင်ငံတကာစံနှုန်း၊ အာဆီယံပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမားများအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေးအတွက် ဒေသတွင်းရှိ နိုင်ငံများ၊ နိုင်ငံတကာအစိုးရများ၊ လူမှုရေးအသင်းအဖွဲ့များ UN၊ INGO နှင့် NGO အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနများနှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံရှိ International Organization for Migration(IOM) အကြီးအကဲ Mr.Kieran William Gorman-Best က ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ပြသထားသည့် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံများနှင့် Diamond Place Services Co.,Ltd. မှ ပြသထားသည့် လုံခြုံရေးနှင့်လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် Biometric နည်းပညာသုံး အဆင့်မြင့်စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို တတ်နိုင်တဲ့ဘက်က ကူညီမှုတွေလုပ်ပေးနေ

**တွေ့ဆုံမေးမြန်း - ညီညီထွန်း(သတင်းစဉ်)**
**ဓာတ်ပုံ - သန်းဦး(လေးမျက်နှာ)**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအနက်မှ တာဝန်ရှိသူအချို့အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဦးစိန်ဖေ**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းချုပ်**



**ဦးစိန်ဖေ**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းချုပ်**

ကျွန်တော်တို့ အသင်းချုပ်အောက်မှာ အေဂျင်စီတွေ ၁၇၅ သင်းရှိပါတယ်။ ကျွန်တော်တို့အေဂျင်စီက အခုပို့နေတာက စင်ကာပူ၊ မလေးရှား၊ ထိုင်းနဲ့ ယူအေအီးနိုင်ငံတို့ ဖြစ်ပါတယ်။ ထိုင်း၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေကတော့ အာရှနိုင်ငံတွေဖြစ်တဲ့အတွက် အဲဒီနိုင်ငံတွေကို လူပို့တာတော်တော်လေး များပါတယ်။

အဲဒီမှာ ဘာတွေရှိမလဲဆိုရင် စက်ရုံတွေ၊ သင်္ဘောကျင်းတွေ အဲဒါတွေများပါတယ်။ နောက်ပြီးတော့ စားသောက်ဆိုင် လုပ်ငန်းတွေရှိပါတယ်။ အဲဒီ အလုပ်သမားတွေကို ပို့ဖို့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနက လိုင်စင် ယူရပါတယ်။ လုပ်ငန်းလိုင်စင်ယူရပါတယ်။ လုပ်ငန်းလိုင်စင်ရပြီးတဲ့ အခါမှာ အလုပ်သမားတွေကို စုဆောင်းပြီးတော့ နိုင်ငံခြားကို ပို့ပါတယ်။

နိုင်ငံခြားမှာ သူတို့ အလုပ်မှန်မှန်ကန်ကန်ရရှိဖို့ အဆိုပြုလွှာအတိုင်း အလုပ်မှန်မှန်ကန်ကန်ရရှိဖို့ ဆောင်ရွက်ပေးရပါတယ်။ အလုပ်သမားတွေ လုပ်ခလစာအပြည့်အဝရရှိရေး၊ အချိန်ပိုလုပ်ခရရှိရေး၊ နေရာထိုင်ခင်းကောင်းမွန်ရေး၊ ကျန်းမာရေးအခြေအနေတစ်စုံတစ်ခုဖြစ်ခဲ့ရင် အလုပ်သမားတွေ လျော်ကြေးရရှိရေးစတာတွေကို မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးရပါတယ်။ အဲဒီတော့ အခုအားလုံးစည်းကမ်းတကျနဲ့ လုပ်ဆောင်နေတဲ့အတွက် အလုပ်သမားတွေအနေနဲ့ ဟိုမှာတော်တော်လေး ပျော်ပျော်ရွှင်ရွှင်ရှိနေပါတယ်။

ဥပမာ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ပို့ထားတဲ့ ကုမ္ပဏီတစ်ခုမှာသွားပြီးကြည့်မယ်ဆိုရင် အဲဒီကုမ္ပဏီကတော့ ကွန်ကရစ်တိုင်တွေလုပ်ရတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ သူတို့ကို တန်းလျားတွေဆောက်ပေးထားပါတယ်။ အဲဒီမှာ အလုပ်သမားတွေကို နေရာချထားပေးပါတယ်။ မိသားစုတွေပါရင် သူတို့ကိုလည်း အခန်းသပ်သပ်လုပ်ပေးပါတယ်။

မိန်းကလေးဆိုရင် မိန်းကလေးသပ်သပ်၊ ယောကျ်ားလေးက ယောကျ်ားလေးသပ်သပ် အဲဒီလိုနေရာချထားပေးပါတယ်။ အဲဒီတော့ ထမင်းချက်တာပြုတ်တာကတော့ အဲဒီမှာပါတဲ့ အမျိုးသမီးတွေကို ချက်ပြုတ်နိုင်အောင် စီစဉ်ပေးထားပါတယ်။ ဈေးဝယ်ပေးပါတယ်။ အဲဒါကို စားသောက်တဲ့အခါမှာ တစ်လစာဘယ်လောက်ကုန်ကျသလဲဆိုပြီး စရိတ်အပေါ် မူတည်ပြီးတော့ မြန်မာအလုပ်သမားဦးရေနဲ့စားပြီးတော့ကျသင့်တာကို ပျမ်းမျှ ကျခံတာရှိပါတယ်။

နေရေး၊ ထိုင်ရေးကတော့ အခမဲ့ဖြစ်ပါတယ်။ တစ်ပတ်တစ်ကြိမ် အပြင်ထွက်ခွင့်ရှိပါတယ်။ သုံးလတစ်ကြိမ် ကားတွေနဲ့ လေ့လာရေးလိုက်ပို့ပါတယ်။ ပင်လယ်ကူးဆိပ်ကမ်းတို့၊ ဈေးဝယ်စင်တာတို့ ပို့ပေးပါတယ်။ ထိုင်းမှာဆိုရင် ဗုဒ္ဓဘာသာဘုရားကျောင်းတွေရှိတော့အဲဒီနေရာတွေကိုလည်း ပို့ပေးပါတယ်။



**ဦးမျိုးအောင်**
**ညွှန်ကြားရေးမှူးချုပ်**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**



**ဦးဝါးအယ်ထူး**
**မူဝါဒရေးရာ ညှိနှိုင်းရေးမှူး**
**(World Vision)**

**ဦးမျိုးအောင်**
**ညွှန်ကြားရေးမှူးချုပ်**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

ဒီနေ့ပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားကတော့ အဓိကက ပြည်ပနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို တစ်ဖက်တစ်လမ်းက အစိုးရကနေပြီး ဘယ်လိုကာကွယ်စောင့်ရှောက်မလဲ၊တတ်နိုင်သလောက် ဘယ်လိုကူညီဆောင်ရွက်ပေးတယ်ဆိုတဲ့ အချက်အလက်တွေကို သိစေချင်တဲ့အတွက် ဒီအခမ်းအနားကို ကျင်းပရခြင်း ဖြစ်ပါတယ်။

အခု မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို တတ်နိုင်တဲ့ဘက်က ကူညီမှုတွေ လုပ်ပေးနေပါတယ်။ ဥပမာဆိုရင် ပြည်ထောင်စုဝန်ကြီးရဲ့ မိန့်ခွန်းထဲမှာ ပြောသွားသလို ထိုင်းမှာဆိုရင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁ ဒသမ ၇ သန်းကို အထောက်အထားတွေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ပြီးတော့လည်း ထိုင်းနိုင်ငံမှာ လေးနှစ်ပြည့်တဲ့ အလုပ်သမားတွေကို အလုပ်ခွင်ထဲ ချက်ချင်းပြန်ဝင်နိုင်ဖို့ဆိုတဲ့ လုပ်ငန်းတွေဆောင်ရွက်ဖို့ လုပ်ပေးနေပါတယ်။ ထိုင်းနိုင်ငံမှာလုပ်နေတဲ့ အထောက်အထားမဲ့တဲ့ ရေလုပ်သားတွေကိုလည်း ထိုင်းနိုင်ငံနဲ့ ပူးပေါင်းပြီးတော့မှ စာရင်းတွေရရှိအောင် လုပ်နေပါတယ်။

ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ သားသမီးတွေ ပညာသင်ကြားနိုင်ရေး၊ အထောက်အထားရရှိရေးကိုလည်း ထိုင်းနိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ ဒီနေ့ပဲ မလေးရှားမှာရှိနေတဲ့ အထောက်အထားတွေထုတ်ပေးဖို့ ကျန်တဲ့မြန်မာရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်ပြီး အထောက်အထားတွေရရှိအောင်ဆောင်ရွက်ဖို့အတွက် အလုပ်သမားအလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနက ဝန်ထမ်းတွေ ဒီဝန်ထမ်းတွေပူးပေါင်းပြီး ဒီနေ့ပဲ မလေးရှားကို ထွက်ခွာသွားပါတယ်။

ဒါကတော့ အဓိကသွားတဲ့ နိုင်ငံတွေမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ စောင့်ရှောက်ပေးနေတာဖြစ်ပါတယ်။ အလုပ်သမားရေးရာပြဿနာတွေကို ကြည့်ပြီးတော့မှလည်း တာဝန်ယူဖြေရှင်းပေးနေတာဖြစ်ပါတယ်။ အဓိကကတော့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုတဲ့နေရာမှာ တရားဝင်သွားတဲ့သူနဲ့ တရားမဝင်သွားတဲ့သူရယ်လို့ ရှိတယ်။

ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ကာကွယ်စောင့်ရှောက်တဲ့နေရာမှာ နိုင်ငံတော်သမ္မတကြီး ညွှန်ကြားထားတဲ့အတိုင်း တရားမဝင်သည်ဖြစ်စေ၊ တရားဝင်သည်ဖြစ်စေ ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။ တကယ်တမ်းမှာ တရားဝင်တဲ့သူ၊ တရားမဝင်တဲ့သူတွေကို ခွဲခြားပြီးတော့မှ လုပ်ကိုင်တဲ့အပိုင်းတွေမှာ တရားဝင်တဲ့သူတွေကိုတော့ ကျွန်တော်တို့နိုင်ငံတော်ပိုင်းအနေနဲ့ ရဲရဲတင်းတင်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပြောရဆိုရတာ ကောင်းပါတယ်။

တရားမဝင်သွားတဲ့သူတွေကျတော့ ဘယ်လိုနည်းနဲ့ ရောက်ရှိသလဲမသိပါဘူး။ ဖြစ်ပေါ်လာတဲ့ပြဿနာတွေ၊ ဇာစ်မြစ်တွေကို လိုက်ရပါတယ်။ အခက်အခဲရှိပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ဖို့အတွက် ကျွန်တော်တို့ တရားဝင်ခွင့်ပြုနေပါတယ်။ အလုပ်သမားတွေအနေနဲ့လည်း တရားဝင်လမ်းကြောင်းကနေသွားစေချင်ပါတယ်။ ဝန်ကြီးဌာနကို အချိန်မရွေးဆက်သွယ်ပါ။ ဦးစီးဌာနကိုလည်းအချိန်မရွေးဆက်သွယ်ပါ။ ကူညီဖို့အသင့်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

**ဦးဝါးအယ်ထူး**
**မူဝါဒရေးရာ ညှိနှိုင်းရေးမှူး (World Vision)**

World Vision အနေနဲ့ လုံခြုံစိတ်ချစွာရွှေ့ပြောင်းသွားလာခြင်း (Safe Migration) ကို အဓိကဦးတည်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အစီအစဉ်ရဲ့ ကြိုတင်ကာကွယ်ရေးဆိုင်ရာအစိတ်အပိုင်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ရွှေ့ပြောင်းသွားလာမှုများတဲ့ ဒေသတွေဖြစ်တဲ့ မော်လမြိုင်၊ ဘားအံ၊ ပုလော၊ ကော့သောင်း၊ ကျိုင်းတုံ၊ လွိုင်ကော်၊ လှိုင်သာယာ၊ မန္တလေး(အောင်မြေသာစံ) မြို့နယ်တွေမှာ အထူးစီမံချက်နဲ့ Safe migration နဲ့ပတ်သက်ပြီး အသိပညာပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပါတယ်။

၂၀၁၃ ခုနှစ်အတွင်းမှာ လူငယ်နှင့် အမျိုးသမီး ၇၀၀၀၀ ကျော် (World Vision) ပညာပေးအစီအစဉ်တွေမှာ ပါဝင်ခဲ့ပါတယ်။ အခြားနိုင်ငံတွေကို ရောက်ရှိသွားပြီး အကူအညီလိုရင်လုပ်ဆောင်ရမယ့် လက်တွေ့နည်းလမ်းအထူးသဖြင့် အရေးပေါ်ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ၊ မှတ်သားထားရမယ့် အဆက်အသွယ်လိပ်စာ အသိပေးခြင်းတွေကို ပြုလုပ်ပေးပါတယ်။

ရွှေ့ပြောင်းသွားလာရာမှာ လူကုန်ကူးခံခဲ့ရသူများရဲ့ အတွေ့အကြုံ

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ထားဝယ်မြို့နယ်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုအားပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဒေသခံပြည်သူများအား ဆေးကုသမှုပေးလျက်ရှိသော အခြေပြုဆေးကုသရေးအဖွဲ့(၁)၏ ဆေးကုသမှုအား ကြည့်ရှုကာ ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားစဉ်။ (မြဝတီ)

**နေပြည်တော်　ဒီဇင်ဘာ　၁၈**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုတို့သည် ယနေ့နံနက်ပိုင်းတွင် သပြေချောင်းကျေးရွာအုပ်စု ငါးကျင်းအင်းဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများအား ဆေးကုသမှုပေးလျက်ရှိသော အခြေပြုဆေးကုသရေးအဖွဲ့(၁)၏ဆေးကုသမှုအား သွားရောက်ကြည့်ရှုပြီး လာရောက်ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

အဆိုပါ တပ်မတော်နယ်လှည့်ဆေးကုသရေး အဖွဲ့များသည် တနင်္သာရီတိုင်းဒေသကြီး အတွင်း ဒီဇင်ဘာ ၁၇ ရက်မှစ၍ အခြေပြုဆေးကုသရေးအဖွဲ့ သုံးဖွဲ့၊ နယ်လှည့်အထူးကုဆေးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်းမြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ရှိမြို့နယ်များမှ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက် ၈ နာရီတွင် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ တပ်နယ်မှအရာရှိ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးနှင့်ဇနီး၊ တပ်နယ်မှ အရာရှိစစ်သည်မိသားစုများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိစစ်သည် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

အလားတူ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက အားကစားပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဉမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ASEAN Summit 2014 အတွက် BMW မော်တော်ကားများ ပံ့ပိုးပေးအပ်



**နေပြည်တော်　ဒီဇင်ဘာ　၁၈**

BMW Group Asia နှင့် Octagon International Services Co., Ltd. (Prestige Automobiles) တို့က ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် ASEAN Summit များအတွက် BMW မော်တော်ကားများ ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၌ ကျင်းပရာ Octagon International Services Co., Ltd. (Prestige Automobiles) မှ ပံ့ပိုးရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး BMW ကားပုံစံငယ်အား ပေးအပ်ရာ ဒုတိယဝန်ကြီး ဦးဇင်ယော်က လက်ခံကာ **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပေးအပ်သည်။

Octagon International Services Co., Ltd. သည် BMW Group Asia နှင့်ပူးတွဲ၍ ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် ASEAN Summit နှင့် (၂၅)ကြိမ်မြောက် ASEAN Summit သို့ တက်ရောက်ကြမည့် အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံအဖွဲ့ကြီး၏ ဆွေးနွေးဖက်နိုင်ငံများ၏ ခေါင်းဆောင်များ၊ ဝန်ကြီးများ အသုံးပြုစီးနင်းနိုင်ရန် BMW 7 Series, BMW 5 Series Executive Sedan နှင့် Premium BMW X5 Sports Activity Vehicle မော်တော်ယာဉ် ၉၅ စီး ပံ့ပိုးကူညီမည်ဖြစ်သည်။

ပြည်တွင်း ကုမ္ပဏီတစ်ခုအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်မှုတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်လျက်ရှိပြီး (၂၇)ကြိမ်မြောက် SEA Games အားကစားသမားများအတွက်လည်း Scania Bus များဖြင့် ပံ့ပိုးကူညီမှုပြုခဲ့သည်။ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ASEAN ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပသော ASEAN Summit များအတွက် ပံ့ပိုးရာတွင် ASEAN Summit များသို့ တက်ရောက်သူများအားအကောင်းဆုံးသော အရည်အသွေးမြင့် မော်တော်ယာဉ်များ ပေးအပ်၍ Summit အစီအစဉ် အောင်မြင်စေရန်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေရန် ပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အကြံပြုချက်တွေကို မူဝါဒချမှတ်သူတွေထံ ကြားသိစေခြင်းဖြင့် ပိုမိုဘေးကင်းစွာ ရွှေ့ပြောင်းသွားလာနိုင်စေရေး ဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ရွာအခြေပြု လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့ (Community Watch Group) များဟာ ဘေးကင်းစွာ ရွှေ့ပြောင်းသွားလာနိုင်ဖို့အတွက် အရေးပါတဲ့ သတင်းအချက်အလက်ကူညီမှုများပြုနိုင်တဲ့အတွက် အဲဒီအဖွဲ့တွေ အသက်ဝင်လှုပ်ရှားနေအောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

အခြားနိုင်ငံကို ရောက်ရှိသွားပြီး လူကုန်ကူးမှုခံခဲ့ရတဲ့သူတွေကို မိသားစုနဲ့ ပြန်လည်ပေါင်းစည်းနိုင်စေဖို့ ကူညီပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း လူကုန်ကူးခံရသူ ၁၅၂ ဦးကို ခရီးစရိတ်အကူအညီပေးခဲ့ပြီး ၅၉ ဦးကို အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ဖို့ အကူအညီပေးခဲ့ပါတယ်။

အာဆီယံနိုင်ငံတွေအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားရဲ့ အခွင့်အရေးတွေအတွက် ပိုမိုကောင်းမွန်တဲ့ မူဝါဒတွေချမှတ်ဖို့ စီစဉ်လျက်ရှိပါတယ်။ World Vision Myanmar ဟာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရွှေ့ပြောင်းသွားလာမှုနဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေကို Task Force on ASEAN Migrant Workers ရဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆွေးနွေးတင်ပြခဲ့ပါတယ်။

၂၀၁၂ ခုနှစ် အောက်တိုဘာလက ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပတဲ့အစည်းအဝေးနဲ့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ဘရူနိုင်းနိုင်ငံမှာ ကျင်းပခဲ့တဲ့ ASEAN Forum on Migrant Labour မှာ World Vision Myanmar က ပါဝင်ဆွေးနွေးခဲ့ပြီး ရွှေ့ပြောင်းလုပ်သားများ အခွင့်အရေးအတွက် မူဝါဒပိုင်းဆိုင်ရာတိုးတက်မှုရှိစေဖို့ ဆောင်ရွက်ပေးနေပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## အသိပေးကြေညာချက်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့် ၂၂-၁၂-၂၀၁၃ ရက်နေ့ မွန်းတည့် ၁၂း၀၀ အချိန်မှ အခမ်းအနားပြီးဆုံးချိန်အထိ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဧရိယာသို့ ဝင်ရောက်နိုင်သည့် အောက်ပါနေရာ/လမ်းဆုံရှစ်ခုတွင် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁) ပျဉ်းမနား-တောင်ညိုလမ်းနှင့် ဉာဏအောင်မြေလမ်းဆုံ (စိုးစံလမ်းထိပ်)
(၂) မြရည်နန္ဒာလမ်းနှင့် မဏိစန္ဒာလမ်းဆုံ(ဆွာလမ်းဆုံအနီး)
(၃) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (အထက-၁၁ထိပ်)
(၄) မဏိစန္ဒာလမ်းနှင့်ဂိတ်(၅)ထိပ် လမ်းဆုံ(ဂိတ် ၅ ထိပ်)
(၅) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ(အားကစားရွာထိပ်)
(၆) ပျဉ်းမနား-တောင်ညိုလမ်းနှင့် V4 လမ်းဆုံ(နေပြည်တော်မြို့ပတ်လမ်းဆုံ)
(၇) ဇေယျာအောင်မြေလမ်းနှင့် နန်ချွန်ကျေးရွာ ဘုန်းကြီးကျောင်းလမ်းဆုံ
(၈) မဟာဇေယျာလမ်းနှင့် ဇေယျဗလလမ်းဆုံ (ခရေအိမ်ရာထိပ်)တို့ ဖြစ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**



# မန္တလေးမြို့တွင်း ခေါက်တိုကုန်ပို့ယာဉ် မီးလောင်ပေါက်ကွဲ

**မန္တလေး　ဒီဇင်ဘာ　၁၈**

မန္တလေးမြို့ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြား လေလာဝင်းအတွင်း၌ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မြို့တွင်းခေါက်တိုပို့ဆောင်သည့် ယာဉ်အမှတ် ၄က/--------- FORTOM ယာဉ် မီးလောင်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ မော်တော်ယာဉ်သည် မန္တလေး- လားရှိုး- မူဆယ်ပြေးဆွဲသည့် အဝေးပြေးမော်တော်ယာဉ် အသင်း ရွှေတောင်တန်းဂိတ်မှ ကုန်ပစ္စည်းများအား မြို့တွင်းပို့ဆောင်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားချိန်တွင် ဒရိုင်ဘာနှင့် စပယ်ယာ နှစ်ဦးစလုံး မတွေ့၍ လေလာဝင်းမှ လူငယ်တစ်ဦးက ဝင်းအပြင် ၂၇ လမ်း၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားသို့ မောင်းနှင်ပြီး ရပ်တန့်ထားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက မီးကို လာရောက်ငြှိမ်းသတ်၍ မီးငြိမ်းသွားခဲ့သည်။

အဆိုပါဖြစ်ရပ် ဖြစ်ပွားရာတွင် ဓာတုဗေဒဆိုင်ရာ ဓာတ်ပြုရာမှ ဖြစ်ပေါ်လာသော အနံ့များ၊ အဖြူရောင် အမြှုပ်များ၊ ကျိခဲ့သော အရည်များ တွေ့ရှိခဲ့ရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

**ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီး နတ်ရေကန် ငါးလုပ်ငန်းစခန်း(၃)၌ စခန်းတာဝန်ခံများ၊ ဝန်ထမ်းများ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေး၊ ကျေးလက်ဒေသများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကျန်းမာသန်စွမ်း ဉာဏ်ရည်မြင့်မားပြီး လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် သန့်ရှင်းလတ်ဆတ်သောအစားအစာများ ညီညွတ်မျှတစွာ စားသုံးရန်လည်း လိုအပ်ကြောင်း၊ ထို့အပြင် ကျေးလက်နေမိသားစုများ၏ တစ်ပိုင်တစ်နိုင် အပိုဝင်ငွေတိုးတက်ရရှိရေးအတွက် ငါးမွေးမြူရေးနည်းစနစ်သစ်များ ပိုမိုသိရှိရေး၊ မွေးမြူရေးတို့အတွက် ဆောင်ရွက်ရန် ပညာပေးဖို့ လိုအပ်ကြောင်းပြောကြားပြီး ငါးမွေးမြူရေးစခန်းအတွင်း ငါးသားပေါက်နှင့် ငါးအသားတိုး မွေးမြူထားရှိမှုနှင့် ငါးစခန်း ရေဝင်မြောင်းမကြီးရှိ စက်မှုဇုန်အတွင်း၊ စက်ရုံများမှ ရေမြောင်းအတွင်း ရေဆိုးရေညစ်များ စွန့်ပစ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၆ ရက် နံနက် ၇ နာရီတွင် တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြည်သူ့လွှတ်တော်နှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ပြည်သူ့စွမ်းအားဖြင့် တိုင်းပြည်တည်ဆောက်အံ့ဆိုသည့်အတိုင်း မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူ ပြည်သားများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာလျှင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မိသားစုအပိုဝင်ငွေရရှိနိုင်ရေး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်သင့်ကြောင်း၊ ကျေးရွာများအနေဖြင့် မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များကိုသာလျှင် ရဲရဲဝံ့ဝံ့ရှာဖွေ တင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများက ကျောင်းစာသင်ခုံ လိုအပ်မှုများ၊ ကျေးရွာချင်းဆက် ကျောက်ချောလမ်းပြုပြင်ပေးရေး၊ သောက်သုံးရေရရှိရေး၊ မြေသားရေလှောင်ကန်တူးဖော်ပေးနိုင်ရေး၊ လျှပ်စစ်မီးနှင့်ဆိုလာစနစ်ဖြင့်မီးလင်းရေး တင်ပြသည်များကို ပြည်ထောင်စုဝန်ကြီးက ဦးစားပေးလုပ်ငန်းများအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နွားတော်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တံတားဦးမြို့နယ် ညောင်ဝန်းကျေးရွာအတွင်း ကြည့်ရှုစစ်ဆေးပြီး မှော်ယုံစာကြည့်တိုက်၌ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံ လိုအပ်ချက်များ တည်ထောင်ပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရေးများတွင် ဒေသခံများကလည်း တတ်အားသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိရပ်ရွာအမှန် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**



**(သတင်းစဉ်)**

# မြန်မာအမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) ၌ ယှဉ်ပြိုင်လျက်ရှိသည့် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် မြန်မာအမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးအသင်းက အနိုင်ရရှိခဲ့သည်။

နှစ်ဖက်သောကစားသမားများ ယှဉ်ပြိုင်နေစဉ်အတွင်းအားကစားဝါသနာရှင်ပရိသတ်များက တစ်ခဲနက်အားပေးကြသကဲ့သို့ မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်း အားကစားသမားများကလည်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင် ကစားကြရာ ပရိသတ်နှင့် အားကစားသမားများ အပေးအယူအလွန်မျှတသည့် ပွဲကောင်းတစ်ပွဲအဖြစ်တွေ့မြင်ခဲ့ရသည်။

မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသားအသင်းနှင့် လာအိုအမျိုးသားအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပထမပွဲစဉ်ငယ်သုံးပွဲတွင် မြန်မာအသင်းက ၂၁-၁၂ မှတ်၊ ၂၁-၁၃ မှတ်ဖြင့် နှစ်ပွဲပြတ်ယှဉ်ပြိုင်ကစားအနိုင်ရရှိခဲ့သည်ကို တွေ့မြင်ရသည်။

ပွဲစဉ်ငယ်သုံးပွဲကစားနေစဉ်အတွင်း မြန်မာပရိသတ်၏ အားပေးသံ၊ လက်ခုပ်သံများက တစ်ခဲနက်ဆိုသကဲ့သို့ စဉ်ဆက်မပြတ်ကြားနေရသည့်အတွက် မြန်မာအားကစားသမားများ စိတ်အားထက်သန်တက်ကြွစွာ ယှဉ်ပြိုင်ကစားနေကြသည်ကို တွေ့မြင်ရသည်။

ဒုတိယပွဲစဉ်ငယ်သုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားရာ၌ မြန်မာအမျိုးသားအသင်းသည် လာအိုအမျိုးသားအသင်းကို ပထမပွဲငယ်တွင် ၂၁ မှတ် ၁၆ မှတ်ဖြင့် ရှုံးနိမ့်သွားခဲ့ရာ မြန်မာပရိသတ်များအနည်းငယ်စိုးရိမ်ပူပန်စိတ်များ တွေ့ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့်တတိယပွဲငယ်များတွင် မြန်မာအသင်းက စိတ်ကြိုက်အနေအထားဖြင့် ဆက်လက်ယှဉ်ပြိုင်အနိုင်ကစားပြနိုင်ခဲ့ရာ မြန်မာပရိသတ်များရင်ဖိုစွာစောင့်ကြည့်ရကျိုးနပ်ခဲ့ရသည်။

အလားတူ တတိယပွဲစဉ်သုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် မြန်မာအသင်းသည် လာအိုအသင်းကို သက်သောင့်သက်သာအနေအထားဖြင့် အနိုင်ယူကစားသွားနိုင်ခဲ့ပြီး ပွဲစဉ်ငယ်သုံးပွဲတွင် ရမှတ် ၂၁-၁၃ မှတ်၊ ၂၁-၆ မှတ် နှစ်ပွဲပြတ်အနိုင်ရလဒ်ဖြင့် အနိုင်ရလိုက်သည်။

သို့ဖြစ်ရာ မြန်မာအမျိုးသားအသင်းသည် လာအိုအမျိုးသားအသင်းကို ပွဲစဉ်တစ်လျှောက်လုံး သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ရာ မြန်မာပရိသတ်အတွက် တစ်နေကုန်တစ်နေခန်း ထိုင်စောင့်ကြည့်ရကျိုးနပ်ခဲ့သည့် ပွဲစဉ်များပင်ဖြစ်ခဲ့သည်။

နှစ်ယောက်တွဲ အုပ်စုပွဲစဉ်များတွင် နိုင်ငံတစ်နိုင်ငံ၏ အသင်းတစ်သင်းသည် စိတ်ကြိုက်ကစားသမားနှစ်ဦးစီဖြင့် အသင်းသုံးသင်းဖွဲ့စည်းကာ တစ်နိုင်ငံချင်းအားဖြင့် ပွဲငယ်သုံးပွဲသုံးကြိမ် စုစုပေါင်းပွဲငယ်ကိုးပွဲယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ အုပ်စု(ခ) အတွင်းရောက်ရှိနေသည့် မြန်မာအမျိုးသားအသင်းသည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားအမျိုးသားအသင်းနှင့် အုပ်စုတွင်းပွဲစဉ်တစ်ပွဲဆက်လက်ကစားရမည်ဖြစ်ကာ မြန်မာအမျိုးသမီးအသင်းသည်လည်း ထိုင်းအမျိုးသမီးအသင်းနှင့် မွန်းလွဲပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

လက်ရှိအခြေအနေအရ မြန်မာအမျိုးသားအသင်းသည် နှစ်ယောက်တွဲပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိရန် အလားအလာအကောင်းဆုံးအသင်းတစ်သင်းအဖြစ် ပရိသတ်များက ထင်ကြေးပေးသတ်မှတ်ထားခြင်းခံနေရသည်ကို ကြားသိရသည်။ **(သတင်းစဉ်)**

# ဖြူဟ္မစိုရ်နှလုံးသားအသင်းသို့ ဆင်းတုတော်လှူဒါန်း

**ပျဉ်းမနား ဒီဇင်ဘာ ၁၈**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်ရှိ လောကမာရဇိန် စေတီတော်အဖွဲ့မှ တောင်သာကျေးရွာအုပ်စု အုတ်ကျင်းရပ်ကွက်ရှိ ဖြူဟ္မစိုရ်နှလုံးသား ပရဟိတအုတ်ကျင်းလူငယ်အဖွဲ့သို့ ပန်းပေါင်းစုံဘုရားဆင်းတုတော်နှစ်ဆူကို အသင်းအဖွဲ့အား မဲဖောက်ပေးအပ်ခြင်းနှင့် တောင်သာကျေးရွာအုပ်စုအတွင်းသို့ ဒေသစာရီကြွချီလှည့်လည်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက အုတ်ကျင်းကျေးရွာရှိ ဖြူဟ္မစိုရ်နှလုံးသား ပရဟိတအသင်း ယာယီစံနန်းတော်၌ ကျင်းပခဲ့သည်။

**လှည့်လည်အပူဇော်ခံ**

တောင်သာကျေးရွာအတွင်းသို့ ဒေသစာရီကြွချီတော်မူရာတွင် ဖြူဟ္မစိုရ်နှလုံးသား ပရဟိတအသင်းများမှ ဝတ်ဖြူတော်ဝတ်ဆင်၍လည်းကောင်း၊ ဓမ္မစကြာဝတ်အဖွဲ့များက ဝတ်ရွတ်ဆို၍ လည်းကောင်း၊ ရှမ်းအိုးစည်ဝိုင်းအကများဖြင့် လှည့်လည်အပူဇော်ခံခဲ့သည်။

**လက်ခံရရှိ**

လောကမာရဇိန်စေတီတော် ဓမ္မအဖွဲ့မှ ပေးအပ်လှူဒါန်းသော ပန်းပေါင်းစုံဘုရားဆင်းတုတော် နှစ်ဆူကို နတ်တော်လဆန်း ၃ ရက်မှ ၁၀ ရက်အထိ အုတ်ကျင်းကျေးရွာ ယာယီစံနန်းတော်တွင် ကိန်းဝပ်စံပယ်တော်မူပြီး (နတ်တော်လဆန်း ၁၃ ရက်) ဒီဇင်ဘာ ၁၅ ရက်တွင် အသင်းဝင်များကို မဲဖောက်ဖွင့်လှစ်ပေးရာ အသင်းဝင် ဦးကျော်ဇေယျာလင်းမိသားစုက လက်ခံရရှိသွားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**






## စစ်တက္ကသိုလ် အမှတ်စဉ်(၄၆)သင်တန်းဆင်းအရာရှိများ၏ ကျောင်းဆင်း(၁၀)နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားဖိတ်ကြားခြင်း

နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားများကို ရန်ကုန်မြို့နှင့် နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများတက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**သိမ်ရေစက်ချအလှူအခမ်းအနား**

**နေ့ရက်** - ၂၅-၁၂-၂၀၁၃ရက်
**နေရာ** - ပုဗ္ဗသီရိမြို့နယ်၊ မရှိခဏကျောင်းတိုက်
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၁း၃၀နာရီအထိ

**ညစာစားပွဲ**

**နေ့ရက်** - ၂၁-၁၂-၂၀၁၃ရက်
**အချိန်** - ညနေ ၆း၃၀နာရီ
**နေရာ** - Traders Hotel၊ ရန်ကုန်မြို့

## I.T.C(1)THANLYIN ဆရာကန်တော့ပွဲ

စက်မှုသင်တန်းကျောင်းအမှတ်(၁)၊ သန်လျင်တွင် တက်ရောက်သင်ကြားခဲ့သော သင်တန်းသားများ၏ဒုတိယအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ကျောင်းသားမိတ်ဆုံစားပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ရက်(သောကြာနေ့)ညနေ ၆နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ တော်ဝင်ဥယျာဉ်စားသောက်ဆိုင် (Royal Garden Restuarant) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

(ဆရာများထံသို့ သီးသန့်ဖိတ်စာများဖြင့် ပေးပို့ဖိတ်ကြားမည်ဖြစ်ပါသည်။)

**ဖုန်း-၀၉-၄၄၈၀၀၄၀၇၂၊ ၀၉-၄၃၀၇၃၆၄၄၊ ၀၉-၅၀၆၆၉၇၅၊ ၀၉-၄၅၀၀၃၉၉၈၆၊ ၀၉-၅၀၈၄၇၅၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၁၂၂/၁၂၄ ဟုခေါ်တွင်သော ရှစ်ထပ်တိုက်၊ သုံးခန်းတွဲ၊ ခုနစ်လွှာ(စီ)၊ ပေ(၂၀×၅၀)ရှိသော နေအိမ်တိုက်ခန်းအား လက်ရှိပိုင်ဆိုင်ထားသူ ဦးဝဏ္ဏမျိုးကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အကျိုးသက်ဆိုင်ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်အေးရွှေ(စဉ်-၆၉၇၁) LL.B တရားလွှတ်တော်ရှေ့နေ**
**အခန်း ၁၄၊ အမှတ် ၈၃၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၃၆၉၀၈၊ ၀၁-၃၇၇၂၇၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ၊ ပုလဲ(၁)မြတ်လေးလမ်းအတွင်းရှိ မြေကွက်အမှတ် ၁၂၅/အေ ၁ ဟုခေါ်တွင်သည့် (၅၅×၁၀၀)ပေရှိ ဦးတင်ငွေအမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကိုလက်ရှိပိုင်ရှင် ဒေါ်နီနီအေး ၉/မရမ(နိုင်)၀၇၀၁၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင် လွှဲပြောင်းဝယ်ယူရန် မြေနှင့်အိမ်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကြိုင် B.Sc, H.G.P, R.L, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၃၄)**
**အမှတ် ၁၀၃၀၊သုဇာတာ ၆ လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၂၅၁၀၆**

## ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/လက်ခံရရှိခြင်း ပြေစာပုံစံ(ဃ)မိတ္တူထုတ်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၉၄၁၄၊ နစ်ဆန်း Atlas PF 22၊ လိုက်ထရပ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရူပသီဂီ-ဒေါ်ပညာဝတီ ၉/မရတ(သီ)၀၀၀၇၈+၀၀၀၇၉ ယာဉ်အိုယာဉ်ဟောင်းအပ်နှံ/လက်ခံရရှိခြင်း ပြေစာပုံစံ(ဃ)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ　၁၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ် ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြိုင်ပွဲဝင် ၂၇ သင်းမှ ပြိုင်ပွဲဝင်များအား လိုက်လံနှုတ်ဆက်ခဲ့ပြီး ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့သည်။

**ချီးမြှင့်**

ယင်းနောက် ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းက ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပထမဆုရရှိသော ဥဿာ(က)အသင်းအား ဆုဖလားနှင့်တစ်ဦးချင်းဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် တစ်ဦးချင်းဆုရရှိသူများအား ဆုများ အသီးသီး ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပမည်

**ညောင်တုန်း　ဒီဇင်ဘာ　၁၈**

ဧရာဝတီတိုင်းဒေသကြီး ၂၇၅၃ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ယခုနှစ်မှစတင်၍ပုသိမ်မြို့တွင်ကျင်းပရန် ကရင်အမျိုးသား စာပေနှင့် ယဉ်ကျေးမှုကော်မတီမှစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တိုင်းဒေသကြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်သို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကရင်အမျိုးသား ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ပုသိမ်မြို့တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက် (ပြာသိုလဆန်း ၁ ရက်)နေ့တွင် ကျင်းပမည်ဖြစ်ရာ အကြိုညတွင် ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေမည်ဖြစ်ပြီး နှစ်သစ်ကူးနေ့တွင် အလံတင်အခမ်းအနားနှင့် သံဃာတော်များကို အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားတွင် သက်ကြီးပူဇော်ပွဲများပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၈၂)

**စာပေမြင့်မှ လူမျိုးတင့်မည်**

## စည်းကမ်းမဲ့ရပ်ထားသော ဆီတင်ယာဉ်ကြီးများကိုရှင်းပေးစေချင်

**ရန်ကုန်　ဒီဇင်ဘာ　၁၈**

ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အထူးစစ်ဆေးရေးအဖွဲ့ဖြင့် ကြည့်မြင်တိုင်မြို့နယ်အတွင်း ဗားကရာလမ်းမနှင့် ကမ်းနားလမ်းတစ်လျှောက် စည်းကမ်းမဲ့ရပ်ထားသော ယာဉ်များကိုလိုက်လံဖမ်းဆီးခဲ့ရာ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ စည်းကမ်းမဲ့ယာဉ်ခြောက်စီးကို ကရိန်းဖြင့်ဆွဲတင်ဖမ်းဆီးခဲ့ပြီး ၁၀ စီးကို ချလန်ဖြတ်ဖမ်းဆီးခဲ့သည်ဟု သိရသည်။ **(အောက်ဝဲပုံ)**



ယင်းသို့ ကမ်းနားလမ်းပေါ်၌ ယာဉ်ငယ်များကို ဖမ်းဆီးနေစဉ် အချိန်အတွင်း စည်းကမ်းမဲ့ရပ်ထားသော ဆီတင်ယာဉ်ကြီးအများစုအဝေးမောင်းနှင်ထွက်ပြေးသွားကြသည်။

စည်းကမ်းမဲ့ ရပ်နားထားသော ယာဉ်များဖမ်းဆီးသည်ကို ကြည့်နေသော လူအများစုက “ဒီလမ်းမကြီးမှာ ယာဉ်လေးတွေထက် နှစ်ထပ်၊ သုံးထပ် ရပ်ထားတဲ့ ဆီတင်ယာဉ်ကြီးတွေကို အဓိကထားရှင်းပေးစေချင်တယ်။ ဒီဆီတင်ယာဉ်တွေ စည်းကမ်းမဲ့ရပ်ထားတာကြောင့် ခရီးသွားတွေလမ်းကူးရတာလည်း ခက်တယ်၊ ကားမှတ်တိုင်လည်း ပျောက်ပျောက်နေတယ်”ဟု ပြောကြားခဲ့ရသည်။

**ကိုကြီးတင်**

## ခါတော်မီဘေထုပ်အနွေးထည်အင်္ကျီ အရောင်းတွင်ကျယ်

**ရန်ကုန်　ဒီဇင်ဘာ　၁၈**

ယခုရက်ပိုင်း ရန်ကုန်မြို့တွင်း အအေးဓာတ်ပိုကဲလာနေပြီဖြစ်သည်။ အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်သာရှိသည်ဟု မိုးလေဝသကလည်းကြေညာထားသည်။ အအေးလှိုင်းဖြတ်မည်ဟုလည်းဆိုထားသည်။ ဒီဇင်ဘာ ၁၇ ရက် ညနေ ၄ နာရီခန့်က ရန်ကုန်မြို့လယ် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း ( ဘားလမ်း)ထောင့် ညနေခင်း ပလက်ဖောင်းလမ်းဘေးဈေးတန်းတွင် ဘေထုပ်အနွေးထည် ဂျာကင်ပေါင်းစုံအရောင်စုံ၊ အရွယ်စုံ မျိုးစုံကို လမ်းပေါ် စုပုံထားရှိကာ တစ်ထည် ငွေကျပ် ၂၅၀၀နှင့် အော်ဟစ်ကြေညာရောင်းချပေးနေသည်။

ယနေ့ခေတ်၏ ချုပ်ခဈေးပင်မရှိသော ဈေးဖြစ်နေ၍ အအေးဒဏ်ကို ကာကွယ်နိုင်မည့် ဘေထုပ်အနွေးထည် ဂျာကင်အင်္ကျီပေါင်းစုံကို မွှေနှောက်ရှာဖွေ ကိုယ်တိုင်ဝတ်ကြည့်ကာ ဝယ်ယူနေကြသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**





ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စီးပွားရေး ပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၃-၁၁-၂၀၁၃ ရက်နေ့တွင် ခရိုင်/မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုတင်ပြချက်အပေါ် ညှိနှိုင်းဖြေရှင်းချက်များ

| စဉ် | ဆွေးနွေးချက် | ဆောင်ရွက်ပေးမှုများ |
|---|---|---|
| ၁ | ချေးငွေထုတ်ချေးရာတွင် လုပ်ငန်းဆောင်ရွက်သည့် ရာသီချိန်များအတွင်း အချိန်မီထုတ်ချေးနိုင်ရေး လျင်မြန်စွာ ဆောင်ရွက်ပေးရန်နှင့် Hire Purchase ကဲ့သို့ ချေးငွေများကိုလည်း တိုးချဲ့ထုတ်ချေးပေးရန်။ | မြန်မာ့စီးပွားရေးဘဏ်၏ ချေးငွေအစည်းအဝေးအား တစ်လနှစ်ကြိမ်၊ ဝန်ကြီးဌာနအဆင့်ချေးငွေအစည်းအဝေးအား တစ်လ တစ်ကြိမ်ပြုလုပ်၍ ချေးငွေများခွင့်ပြုထုတ်ချေးလျက်ရှိပါသည်။ ဘဏ်ချေးငွေထုတ်ချေးနိုင်ခွင့်အာဏာကိုလည်း တိုးမြှင့် ခွင့်ပြုပေးထားပြီးဖြစ်၍ ယခင်ထက် ပိုမိုလျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိပါသည်။ Hire Purchase လုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ |
| ၂ | e-pension card ဖြင့် ပင်စင်လစာထုတ်ယူရာတွင် ယခင်က လွယ်ကူလျင်မြန်သော်လည်း e-pension card များ တစ်မြို့နှင့်တစ်မြို့ ပြောင်းရွှေ့ရာတွင် ကြန့်ကြာမှုရှိသောကြောင့် ယခုထက်ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးရန်။ | e-pension card ထုတ်ယူခြင်းအား ဘဏ်ခွဲတစ်ခုမှ အခြားဘဏ်ခွဲတစ်ခုသို့ ပြောင်းရွှေ့ထုတ်ယူလိုပါက လက်ရှိဘဏ်ခွဲသည် e-pension card program တွင် နေ့ချင်းပြီးမှတ်တမ်းတင်ပြီး ရုံးချုပ်သို့ ပို့ပါသည်။ ရုံးချုပ်မှ ဘဏ်ခွဲအသစ်၏ အမှတ်စဉ်ဖြင့် card အသစ်ထုတ်ပေးပြီး အငြိမ်းစား၏ အချက်အလက်များထည့်သွင်းထားသည့် CD နှင့် card အသစ်ကို ပြောင်းရွှေ့လိုသည့်ဘဏ်သို့ ကုန်ကျစရိတ်ကျခံ၍ အမြန်ဆုံးပေးပို့ပါသည်။ card အသစ်မရမီ Manual စနစ်ဖြင့် ထုတ်ယူနိုင်ရေး ဘဏ်ခွဲအားလုံးသို့ ညွှန်ကြားထားပါသည်။ |
| ၃ | ငွေစုဘဏ်အပ်ငွေများ မြို့နယ်ကြီးများအချင်းချင်း တစ်ဘဏ်နှင့်တစ်ဘဏ် လွှဲပြောင်းထုတ်ယူခွင့်ရကြောင်း သိရှိရပါသည်။ ထပ်မံ၍ မြို့နယ်ဘဏ်ခွဲများတွင်ပါ တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါသည်။ | ၁၈-၃-၂၀၁၃ နေ့မှစ၍ ခရိုင်ဘဏ်ခွဲ(၆၈)ခုနှင့် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲတို့၌ ပထမအဆင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ယင်းအစီအစဉ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ဘဏ်ခွဲများ၌ ထုတ်ယူနိုင်ရန် စီစဉ်သွားမည်ဖြစ်ပါသည်။ |
| ၄ | ငွေစုဘဏ်အတိုးနှုန်းများ လျှော့ချရန်အစီအစဉ်ရှိ/မရှိသိလိုပါသည်။ | သာမန်စုဆောင်းသူများ၊ ပင်စင်စားဝန်ထမ်းများသည် ငွေစုဆောင်းမှုမှရရှိသည့် အတိုးဝင်ငွေကိုခံစားနေကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းလျှော့ချရေးကိစ္စအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံ၏ စီးပွားရေးကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ စဉ်းစားသုံးသပ်လျက်ရှိပါသည်။ |
| ၅ | တိုင်းဒေသကြီးအတွင်းရှိ ဘဏ်များသည် Card ဖြင့် အပြန်အလှန် ငွေသွင်းငွေထုတ်ပေးနိုင်သည့်စနစ် ဆောင်ရွက်ပေး၍ ရ/မရ သိလိုပါသည်။ | ယခုအချိန်တွင် ဘဏ်များမှ MPU Card၊ Master Card၊ Visa Card၊ China Union Pay Card များဖြင့် ငွေထုတ်ယူနိုင်ပါသည်။ ဘဏ်များ၏ အဆက်အသွယ် ဘဏ်များမှတစ်ဆင့် အပြန်အလှန်ငွေလွှဲပေးပို့နိုင်ပါသည်။ ဘဏ်များကလည်း ယခုထက် လျင်မြန်တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ |

## အလုံဈေးကြီး မီးဘေးလုံခြုံရေး စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်ရှိ အလုံဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် စီမံချက်ပါသတ်မှတ်စည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို ဒီဇင်ဘာ ၁၇ ရက် နံနက်က ရန်ကုန်အနောက်ပိုင်းခရိုင် ဈေးများ ရုံးနှင့် အလုံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ လိုက်လံစစ်ဆေးကြသည်။ (ယာပုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန အနောက်ပိုင်းခရိုင်ဌာနစုမှူး ဦးဝင်းမော်သိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့မှူးရဲသူရိန်ဦးအောင်ဇေယျထွန်းနှင့် သန္နေတပ်ဖွဲ့ဝင်များက ဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်ခန်းများ ဆောင်ရွက်ထားရှိမှုကို လိုက်လံစစ်ဆေးရာ ဈေးတာဝန်ခံ ဦးကျော်လှနှင့် ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များက လိုက်လံပြသပြီး မီးဘေးလုံခြုံရေးစီမံထားမှုကို ရှင်းပြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




# ဖိတ်ကြားလွှာ

MYANMAR CONSTRUCTION
MCEA
ENTREPRENEUR & ASSOCIATION

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

**ရန်ကုန်မြို့၏ မြို့နယ်အလိုက် အဆိုပြုမြို့မြေအသုံးချမှုနှင့် အဆောက်အအုံတည်ဆောက်မှုဇုန်များ**

(YANGON LAND USE & BUILDING HEIGHT ZONING PLAN) အများပြည်သူနှင့်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ ဗိသုကာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၁-၁၂-၂၀၁၃ရက် (စနေနေ့)

**အချိန်** - နံနက် ၉း၀၀နာရီမှ ညနေ ၃း၀၀နာရီအထိ

**နေရာ** - MCEA ခန်းမ၊ အမှတ် ၃/က၊ ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်း။

**မှတ်ချက်** ။ ။ နေရာအခက်အခဲရှိပါသဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများ MCEA ရုံးဖုန်း-၀၁-၅၇၉၅၆၄၊ ၅၇၉၅၆၇၊ ၅၆၀၇၂၅ တို့သို့ ကြိုတင် စာရင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

**၁။ ပြည်မြို့ ရွှေတံခါးဘူတာအတွင်း လျှပ်စစ်မီးသွယ်တန်းရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ်** ပြည်မြို့ ရွှေတံခါးဘူတာအတွင်း ၂၀၁၀ ခုနှစ် ဩဂုတ်လမှစတင်၍ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၂။ ညောင်ကုန်းအုပ်စုအတွင်းရှိ အုတ်တွင်းကုန်းဘူတာ၌ ဘူတာရုံအသစ်တည်ဆောက်ပေးပါရန်နှင့် ကွန်ကရစ်ပလက်ဖောင်းပြုလုပ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဘူတာပလက်ဖောင်းကြမ်းခင်း ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို နိုဝင်ဘာလကုန်အပြီး ဆောင်ရွက်ပေးပါမည်။ လက်ရှိ ဘူတာရုံပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၃။ ကြို့ပင်ကောက်ရထားလမ်းကူး ချဲ့ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးပါမည်။ ကားလမ်းအကျယ်အတိုင်း ရထားလမ်းကို ပြုပြင်ပေးပြီးဖြစ်ပါသည်။ စည်ပင်သာယာမှ လမ်းလယ်ကျွန်းပြုလုပ်ပေးပါက အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားဂိတ်တံခါးကို နိုဝင်ဘာလကုန်အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

**၁။ မင်းလှမြို့ပေါ်တွင် GSM တာဝါတိုင်တစ်တိုင်နှင့် ဆင်တဲကုန်း၊ ဒီလှိုင်းနှင့် စိန်ကန့်လန့်ကျေးရွာတို့တွင် GSM တာဝါတိုင်များ တည်ဆောက်ပေးနိုင်ပါရန်နှင့် အော်တိုတယ်လီဖုန်းကြိုးလိုင်းများ၊ ကေဘယ်များ ကောင်းမွန်စွာ ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် တာဝါတိုင် ခြောက်နေရာ တည်ဆောက်ရန် လျာထားသည့်အနက် မင်းလှမြို့နယ်တွင် တာဝါတိုင် တစ်နေရာတည်ဆောက်ရန် လျာထားပါသည်။ ယခုဘဏ္ဍာရေးနှစ်တွင် မြေနေရာရရှိမှုပေါ်မူတည်ပြီး စိန်ကန့်လန့်ကျေးရွာတွင် တာဝါတိုင်တစ်တိုင် တည်ဆောက်ရန် လျာထားပါသည်။ နောင်လာမည့် စီမံကိန်းများတွင် GSM စခန်းများ တိုးချဲ့ဆောင်ရွက်သွားပါမည်။ ကြိုးလိုင်းများ အရည်အသွေးကောင်းမွန်စေရန် လဲလှယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၂။ ရွှေကျင်မြို့နယ်တွင် GSM တယ်လီဖုန်းလိုင်းများ မကြာခဏ ပြတ်တောက်မှုဖြစ်ပေါ်ခြင်း၊ လိုင်းကျခြင်းများအား ပြတ်တောက်မှု မရှိစေရေး စိစစ်ဆောင်ရွက်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** မိုဘိုင်းတယ်လီဖုန်းများအချိန်ပြည့် အသုံးပြုနိုင်ရန်အတွက် ဆက်ကြောင်း မပြတ်တောက်စေရေး၊ လျှပ်စစ်ဓာတ်အားပေးမှုပြတ်တောက်မှုမရှိစေရေး၊ အရန်ဓာတ်အားပေးစက်ကောင်းမွန်စေရေးနှင့် စက်ပစ္စည်းများ ချွတ်ယွင်းမှုမရှိစေရန်နှင့် ချွတ်ယွင်းမှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်နိုင်ရေးတို့အား ဌာနမှလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး LSP ကုမ္ပဏီအား တာဝန်ပေးလျက် ပြတ်တောက်မှုနည်းပါးစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**၃။ ရွှေတောင်မြို့နယ် နွားမယဉ်ကျေးရွာ၊ ကျီးတဲကျေးရွာ၊ ထန်းကုန်းကျေးရွာ၊ ကျွဲတလင်းကျေးရွာများတွင် တာဝါတိုင်များ ထပ်မံစိုက်ထူပေးရန်။ ကြိုးဖုန်းများမကြာခဏ လိုင်းပျက်ခြင်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရနှင့်ညှိနှိုင်းလျာထားပြီး ထပ်မံတိုးချဲ့မည့် စခန်းခြောက်ခုစာရင်းတွင် ရွှေတောင်မြို့နယ် နွားမယဉ်ကျေးရွာ၊ ကျီးတဲ ကျေးရွာ၊ ထန်းကုန်းကျေးရွာ၊ ကျွဲတလင်းကျေးရွာများမပါရှိပါ။ သို့သော်လည်း နွားမယဉ်ကျေးရွာသည် ရွှေတောင်မြို့မှ သုံးမိုင်ခန့်သာ ကွာဝေးသဖြင့် မိုဘိုင်းဖုန်းဆက်သွယ်မှုများ ခေါ်ဆိုမှုအဆင်ပြေစေရန် သက်ဆိုင်ရာ ကျွမ်းကျင် အင်ဂျင်နီယာများစေလွှတ်၍ စက်မှုပိုင်းဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ နွားမယဉ်ကျေးရွာရှိ ကြိုးဖုန်းသုံးစွဲသူများလွယ်ကူချောမွေ့စွာသုံးစွဲနိုင်ရန် လိုအပ်သည့်ကေဘယ်ကြိုးများ အသစ်လဲလှယ်ပေးခြင်းကို ဆောင်ရွက်ပေးသွားပါမည်။ ဖုန်းလိုင်းများ မကြာခဏပြတ်တောက်ခြင်းကို တိုင်းမန်နေဂျာအား ကြပ်မတ်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

**၁။ မိုးညိုမြို့နယ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသို့ လွှဲပြောင်းခြင်း ဆောင်ရွက်နေပြီဟု သိရှိရပါသည်။ ယခုအခါ ၄င်းလမ်းမကြီးမှာ ဆိုးရွားစွာပျက်စီးနေပါ၍ လောလောဆယ် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဗိုလ်ချုပ်အောင်ဆန်းလမ်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးသဘာဝဘေးဒဏ်ရန်ပုံငွေဖြင့် ချမှတ်ထည့်သွင်း၍ ပြင်ဆင်ထိန်းသိမ်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၂။ ရန်ကုန်-ပြည်ကားလမ်း လမ်းပခုံးအားနည်းချက်များရှိနေသဖြင့် မည်သို့ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-ပြည်လမ်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ BOT စနစ်ဖြင့်မက်စ်မြန်မာ ကုမ္ပဏီအားလွှဲပြောင်းပြီးဖြစ်ပါသည်။ မက်စ်မြန်မာ ကုမ္ပဏီမှ လမ်းပခုံးများနိမ့်ကျနေမှုကို မူလ ၁၈ ပေလမ်းအား တစ်ဖက်လျှင် ၃ ပေစီချဲ့၍ ၂၄ ပေအကျယ် လမ်းတိုးချဲ့ခြင်းလုပ်ငန်း အစီအစဉ်အား နှစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားပါမည်၊ မူလလမ်းသားမျက်နှာပြင်ကို ချောမွေ့အောင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါသည်။

**၃။ ရန်ကုန်-တောင်ငူ-မန္တလေး-ဒိုက်ဦးမြို့အဝင် ပေ ၄၀ အကျယ်ချဲ့ခြင်း ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-တောင်ငူ-မန္တလေးကားလမ်း(ပဲခူး-ညောင်လေးပင်အပိုင်း)သည် မိုင် ၇၀/၀-၉၈/၀ ထိ ၁၈ မိုင်ကို ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တစ်နေ့ယာဉ်စီးရေပျမ်းမျှ ၂၄၀၀ ကျော်ဖြတ်သန်းသွားလာလျက်ရှိပါသည်။ ဒိုက်ဦးမြို့တွင်း မိုင် (၈၄/၀-မိုင်၈၇/၀)အထိ ပေ ၄၀ အကျယ်ရရှိရန် မြေသားတာပေါင်ချဲ့ခြင်း၊ တစ်ဖက် သုံးပေအကျယ် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလဆန်းကစ၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**၄။ ရန်ကုန်-ပြည်-မန္တလေးလမ်း သဲကုန်းမြို့နယ် ပေါင်းတည်နှင့်ရွှေတောင်ကြားမိုင်တိုင်အမှတ်(၁၅၉/၀) နှင့်(၁၄၆/၆)အကြား လမ်းပခုံးမြေများ နိမ့်ကျလျက်ရှိပြီး မော်တော်ကား၊ ဆိုင်ကယ်များအန္တရာယ်ရှိနိုင်ပါသဖြင့် လမ်းပခုံးမြေအားအဆင့်မြှင့်တင်ရန် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-ပြည်လမ်းမကြီးတွင် ပေါင်းတည်-ရွှေတောင်ကြားမိုင်(၁၅၉/၀)နှင့်(၁၄၆/၆)အကြားသည် မက်စ်မြန်မာကုမ္ပဏီမှ BOT ကောက်ခံနှုန်းမရရှိသေးဘဲ လေလံနှုန်းဖြင့်သာ ကောက်ခံ၍လမ်းပြုပြင် ဆောင်ရွက်နေသောအပိုင်း ဖြစ်ပါသည်။ မက်စ်မြန်မာကုမ္ပဏီမှ ၁၈ပေ အကျယ် လမ်းကို ၂၄ ပေအကျယ်ရရှိစေရန် တစ်ဖက်သုံးပေစီချဲ့၍ ဇီးကုန်းမြို့နယ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။ အောက်ခံကွန်ကရစ်လောင်း၍ အပေါ်တွင် AC ခင်းပါမည်။ သဲကုန်းမြို့နယ်အပိုင်းတွင် မြေနီခင်း၍လမ်းပခုံးလုပ်ငန်းအား ချက်ချင်းဆောင်ရွက်သွားပါမည်။ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ သဲကုန်းမြို့နယ်သို့ ရောက်ရှိလျက် မြေနီများခြစ်ထုတ်ပြီး အောက်ခံကွန်ကရစ်လောင်း၍ အပေါ်တွင် AC ခင်းခြင်းလုပ်ငန်းများကို နှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ**

## မေတ္တာရိပ်(အခမဲ့) နာရေးကူညီအသင်းသို့ အရေးပေါ်လူနာတင်ယာဉ်တစ်စီးလှူဒါန်း

**တပ်ကုန်း ဒီဇင်ဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မေတ္တာရိပ်(အခမဲ့) နာရေးကူညီမှုအသင်းသို့ အရေးပေါ်လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက်က အသင်းရုံး၌ ကျင်းပသည်။

အလှူရှင် ဦးမောင်မောင်သိန်း-ဒေါ်နွယ်နွယ်ခင် (ဆီဇာမိသားစု)၏ သားဖြစ်သူ မောင်ဆီဇာအောင်(ခ) မောင်ပီတာ၏ (၂၆)နှစ်ပြည့် မွေးနေ့ကုသိုလ်အဖြစ် အရေးပေါ်လူနာတင်ယာဉ်(Super Custom)ကားတစ်စီးကို အသင်းဥက္ကဋ္ဌ ဦးဝင်းသန်းထံသို့ ပေးအပ်လှူဒါန်းသည်။

မေတ္တာရိပ်(အခမဲ့)နာရေးကူညီမှုအသင်းကို ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး တပ်ကုန်းမြို့နယ်အတွင်း၌ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး နာရေးကိစ္စပေါ်ပေါက်ခဲ့ပါက နာရေးမဏ္ဍပ်၊ စားပွဲခုံ၊ ကုလားထိုင်များ ပို့ဆောင်သိမ်းဆည်းပေးခြင်း၊ နာရေးရှင်မိသားစုများ မီးသင်္ဂြိုဟ်စက်သို့ လိုက်ပါပို့ဆောင်နိုင်ရန် မော်တော်ယာဉ်တစ်စီး အခမဲ့ကူညီ ဆောင်ရွက်ပေးသည်။

ထို့ပြင် အရေးပေါ် လူနာများကိုလည်း အရေးပေါ်လူနာတင်ယာဉ်များဖြင့် သက်ဆိုင်ရာ ဆေးရုံများသို့ ၂၄ နာရီကူညီပို့ဆောင်ပေးလျက်ရှိပြီး အကူအညီလိုအပ်ပါက ဖုန်း-၀၆၇-၇၀၉၃၀ နှင့် ၀၉-၄၃၁၅၃၂၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၂၁)




### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း)

၅-၁၂-၂၀၁၃ရက်မှ ၁၁-၁၂-၂၀၁၃ရက်အထိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ တင်ဒါ- No.22/23 HPGE/2013-2014

(ဂ) Single Cab (Ford Brand) (5)Nos နှင့်

(ဃ) SUVs (Ford Brand) (1)No သည် မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်၍ အဆိုပါတင်ဒါအား ပယ်ဖျက်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆**



### ပုလင်းဖုံးစက်ရုံခွဲရှိ ကုန်ကြမ်းပစ္စည်း(၆)မျိုးနှင့် ပုံနှိပ်ဌာန(လှိုင်)ရှိ ကုန်ကြမ်းပစ္စည်း(၂၅)မျိုးအားရောင်းချရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပုလင်းဖုံးစက်ရုံခွဲမှ ကုန်ကြမ်းပစ္စည်း(၆)မျိုးနှင့် ပုံနှိပ်ဌာန(လှိုင်)မှ ကုန်ကြမ်းပစ္စည်း(၂၅)မျိုးအား မျက်မြင်အခြေအနေအတိုင်း

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၀-၁၂-၂၀၁၃ ရက်၊ ၁၆:၀၀ နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)** **ဖုန်း-၀၆၇-၄၀၈၁၈၆၊ ၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉**

**အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)** **ဖုန်း-၀၁-၆၄၆၂၇၀၊ ၀၁-၆၄၆၂၇၁**



### စစ်တွေတက္ကသိုလ်
### (၁၁)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်နှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တို့တွင် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်သူများအပါအဝင်)ဘွဲ့နှင်းသဘင်သို့ တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၂၀-၁၂-၂၀၁၃ ရက်မှ ၇-၁-၂၀၁၄ ရက်အထိ ဆောင်ရွက်နိုင်ကြပါသည်။

၃။ စစ်တွေတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသည့် ၂ လက်မ× ၁ လက်မခွဲအရွယ် ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ နောက်ဆုံး အောင်မြင်ခဲ့သောကျောင်းသားမှတ်ပုံတင်ကတ်မိတ္တူတို့နှင့်အတူ လျှောက်ထားကြရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့လျှောက်ထားပြီးမှ တက်ရောက်ရန်ပျက်ကွက်ပါက အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့်ဓာတ်ပုံများသည် သပ်ရပ်စွာဝတ်ဆင်၍ ရိုက်ကူးထားသောဓာတ်ပုံများ ဖြစ်ရပါမည်။

၆။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို စစ်တွေတက္ကသိုလ် ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပါမောက္ခချုပ်၊ စစ်တွေတက္ကသိုလ်သို့ လိပ်မူ၍ ပေးသွင်းနိုင်ပါသည်။ ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့်ဘွဲ့၊ ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၇။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်အနေဖြင့်သာ လျှောက်ထားနိုင်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။

**ထွန်းလှ**
**မော်ကွန်းထိန်း**
**စစ်တွေတက္ကသိုလ်**



### စက်မှုဝန်ကြီးဌာန
### အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား CIF (Yangon) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Component Parts for Double Cab (Grand Tiger) (BQ 2023 Q1) | 1 Lot | 05/No(1)HIE/ 2013-2014/CP |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၂၃-၁၂-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၆-၁-၂၀၁၄ ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။

**ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## မဟာဗန္ဓုလပန်းခြံရှေ့ထောင့်မှ အများသုံးသန့်စင်ခန်း ပြောင်းရွှေ့လိုက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြို့လယ်ကောင်ဆူးလေစေတီတော်၏အနီး မြို့ကျက်သရေဆောင် မြို့တော်ခန်းမကြီးရှေ့ သမိုင်းဝင်လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကြီးတည်ရှိရာ မဟာဗန္ဓုလပန်းခြံရှေ့ထောင့်မှ အများသုံးသန့်စင်ခန်းကို ရွှေ့ပြောင်းလိုက်ပြီဖြစ်သည်။

ပြီးခဲ့သော ကာလအတော်ကြာကြာအထိ လှပမှု၊ သန့်ရှင်းမှုတို့အလုံးစုံကင်းမဲ့ပြီး စည်ကားမှုဆိတ်သုဉ်းနေခဲ့သော မြို့လယ်ကောင်ပန်းခြံကြီးမှာ ယခုအခါ၌ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ယူပြုပြင်မှုကြောင့် အလွန်ပင် သာယာလှပစိုပြည်လာခဲ့ပြီဖြစ်သည်။

နေ့စဉ်နံနက် ၅ နာရီခွဲမှ ညနေ ၆ နာရီအထိ အခမဲ့ဝင်ခွင့်ပြု ဖွင့်လှစ်ပေးထားခဲ့သည်။ နံနက်စောစော၌ အားကစားလေ့ကျင့်ခန်းလာရောက်ပြုလုပ်သူများ၊ ကလေးများ ကစားစရာ လျှော၊ ဒန်း၊ ပုခက်အစရှိသည်တို့ပါ ဖြည့်ဆည်းပေးထားခြင်းကြောင့် နေ့စဉ်စည်ကားနေသည့်အပြင် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များဆိုပါက ပန်းခြံအတွင်းနေရာမလပ် အလွန်မှုပင် စည်ကားလာခဲ့သည်။ ထို့အပြင်နိုင်ငံခြားဧည့်သည်များပါဝင်ရောက်၍ အနားယူအပန်းဖြေခြင်း၊ ဓာတ်ပုံအလှရိုက်ခြင်းတို့ကိုပါ နေ့စဉ်တွေ့မြင်လာရသည်။

သို့ပါသော်လည်း "အမြင်မတော်ဆင်တော်နှင့် ခလောက်"ဆိုသကဲ့သို့ လှပခံ့ညားစိုပြည်လာသော မဟာဗန္ဓုလပန်းခြံ၏ အလှတရားကို ပန်းခြံ၏ အရှေ့ထောင့်တွင် အများသုံးသန့်စင်ခန်းရှိနေခြင်းမှာ အကျည်းတန်အရုပ်ဆိုးလှသည်။

ပြင်ပကုမ္ပဏီတစ်ခုမှ အမျိုးသမီးငယ်တစ်ဦးက "ပန်းခြံကြီးက အလွန်လှလာတယ်၊ အလုပ်ကအပြန်တစ်ခါတစ်ရံ ဝင်နားမိတယ်။ မိသားစုတွေ ကလေးတွေနဲ့ ကြည့်ရတာ ကြည်နူးဖို့အလွန်ကောင်းတယ်။ ဒါပေမယ့် ပန်းခြံရှေ့ထောင့်က သန့်စင်ခန်းက အနံ့အသက်မကောင်းဘူး"ဟု ဆိုခဲ့ဖူးသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထိုအများသုံးသန့်စင်ခန်းကို ပန်းခြံ၏အနောက်ဘက် မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်သို့ ယခုအခါပြောင်းရွှေ့လိုက်ပြီကို တွေ့ရသည်။ သန့်စင်ခန်းကို ပန်းခြံအတွင်းမှသော်လည်းကောင်း၊ မဟာဗန္ဓုလပန်းခြံလမ်းဘက်မှသော်လည်းကောင်း၊ ကုန်သည်လမ်းဘက်မှသော်လည်းကောင်း အလွယ်တကူဝင်ရောက်နိုင်သည်ကို တွေ့ရသည်။ ယခင် သန့်စင်ခန်းဟောင်းနေရာကို ယခုအခါ ယာယီအားဖြင့် အကာအရံများပြုလုပ်ထားသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**





## တန့်ယန်းမြို့နယ်ရှိ(တာကော်အက်) သံလွင်တံတား ဘက်စုံပြုပြင်ရေး လိုအပ်သောပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူ

**လားရှိုး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ်အတွင်းရှိ (တာကော်အက်)သံလွင်တံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဘက်စုံပြုပြင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွဲဖက်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တင်ဒါခေါ်ယူပွဲအခမ်းအနားတွင် ရန်ကုန်မြို့မှ လုပ်ငန်းရှင် သုံးဦးက တင်ဒါတင်သွင်းကြပြီး ဦးသန်းအေးက ကြိုးတံတားတွင် အဓိကအသုံးပြုရန်လိုအပ်သော ဝိုင်ယာ ၁၂/၁၄ ဂိတ်အမျိုးအစားအတွက် ငွေကျပ် ၃၉၂၀၀ တစ်ခွေ ဈေးနှုန်းနှင့်တင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။

တင်ဒါခေါ်ယူပွဲ အခမ်းအနားသို့ ပြည်သူ့ဆောက်လုပ်ရေးဌာနတွဲဖက် ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး ဦးစီးအရာရှိ(စီမံ) ဦးသိန်းငွေ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ဝင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းလင်းမော်၊ တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူးဦးဝေလင်းနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းသူတို့တက်ရောက်ခဲ့ကြပြီး (တာကော်အက်) သံလွင်တံတားကို သံလွင်တံတား ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁) မှ ဦးအက်စ်ဒေါင်စိန် လက်ထောက် အင်ဂျင်နီယာနှင့် အဖွဲ့မှ တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး လုပ်ငန်းများကို ဒီဇင်ဘာ ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## (၃၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကျင်းပ

**လင်းခေး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့တွင် နေထိုင်လျက်ရှိသော ရခိုင်မိသားစုများက ဒီဇင်ဘာ ၁၅ ရက်၌ ကျရောက်သော (၃၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် လင်းခေးမြို့ အောင်မင်္ဂလာတပ်ဦးကျောင်းတိုက်တွင် ဒုတိယအကြိမ်မြောက် ဆွမ်းကပ်အလှူပြုလုပ်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## နေပြည်တော် ပျဉ်းမနားမြို့တောင်သာရပ်ကွက်တွင် ၃၃ / ၁၁ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တပ်ဆင်ပြီးစီး

**ပျဉ်းမနား ဒီဇင်ဘာ ၁၈**

နေပြည်တော် ပျဉ်းမနားမြို့တွင် ယခင်က ပျဉ်းမနားမြို့ရုံးအတွင်း ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ၊ ပေါင်းလောင်းတိုးချဲ့ရပ်ကွက်တွင် ၃၃/၁၁ ကေဗွီ ၁၀အမ်ဗွီအေ ဓာတ်အားခွဲရုံ နှစ်ရုံမှ ဓာတ်အားပေးနေရာ ယခုအခါ ဒီဇင်ဘာ ၅ ရက်က ပျဉ်းမနားမြို့ တောင်သာရပ်ကွက်တွင် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခု ဓာတ်အားပို့လွှတ်ပြီး ပျဉ်းမနားမြို့တွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)** **အောင်အောင်(ပျဉ်းမနား)**



## (၃၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ

**ရွှေသောင်ယံ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကမ်းခြေတွင် (၃၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ချောင်းသာကမ်းခြေရှိ ရွာသစ်ဘုန်းတော်ကြီးကျောင်းတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ရေစက်ချတရားနာပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် ချောင်းသာ၊ ရွှေသောင်ယံ ရခိုင်အမျိုးသားများနှင့် ရန်ကုန်ရောက် ရခိုင်အမျိုးသားများ၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ ရခိုင်ရိုးရာအကအလှများအပါအဝင် စာပေဟောပြောပွဲကိုလည်း ချောင်းသာကမ်းခြေတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

## ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ဟိုပုံး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီခွဲက ဒေသဦးစီးရုံးရှေ့စုရပ်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်မှ ပြည်သူများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများစုစုပေါင်းအင်အား ၁၂၀၀ တို့သည် စုပေါင်း၍ ပြည်ထောင်စုလမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်ပတ် လမ်းလျှောက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ မြို့မအားကစားကွင်းအတွင်းသို့ လျှောက်လာကြပြီး မြို့မအားကစားကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆောက်လုပ်ရေးလုပ်ငန်း**

(၁) (၂၇'×၃၅'×၁၀') တစ်ထပ် R.C နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာသုံးလုံး R.C (၁၀'×၄')အိမ်သာ၊ ရေချိုးခန်းနှင့် 11 KV Line 600' နှင့် 160 KVA Transformer တစ်လုံးအပါအဝင် ကျောက်ဖြူမြို့ (မင်းပြင်ရေဒါ)တွင် ဆောင်ရွက်ရန်

**စက်ကိရိယာတန်ဆာပလာများ**

(၁) **Spare Parts for GTS Server (1 Lot)**
(a) Dell Power Supply 750 W for Dell Power Edge 2950 (Service Tag: 9KSQG2J & Service Tag: DKSQG2J (4 Nos)
(b) Dell Power Supply 375 W for Dell Precision 380 (service Tag:5X2JG2J, 2X2JG2J, 3X2JG2J (3 Nos)
(c) Cisco Router C1921 Modular Router, GE,2 EHWIC slots 512DRAM,IP Base (Model: CISCO 1921/K9) (2 Nos)
(d) Dell Battery, PRI, 7 WHRIC, UION, PERCI (2 Nos)

(၂) **Furniture**
Officer Table (15 Nos)
Office Table (30 Nos)
လက်တန်းပါဖိုက်ဘာထိုင်ခုံ (60 Nos)

၂။ တင်ဒါပိတ်ရက်မှာ ၂၆-၁၂-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၁၅း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**



### ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (LTO)အဆောက်အအုံအကြီးစားပြုပြင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၁-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀ အထိ
**တင်ဒါစိစစ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနရုံး
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၁-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနရုံးတွင် ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့)မှစ၍ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**



### အစေ့ထုတ်ပြောင်း အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - အစေ့ထုတ်ပြောင်း
၂။ ဝယ်ယူမည့်အရေအတွက် - ၆၁၀၃၀ ပိဿာ
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၀-၁-၂၀၁၄ ရက်၊ ညနေ ၄ နာရီ
၄။ တင်ဒါပေးသွင်းရမည့်စက်ရုံ - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)** **တယ်လီဖုန်းအမှတ်-**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန** **၀၆၇-၄၀၈၀၇၆**
**နေပြည်တော်။** **၀၆၇-၄၀၈၃၅၄**



### ဖခင်အမည်မှန်

ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်နေ မခင်သန္တာမော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မောင်ကြီး (ခ) ဦးမောင်မောင်ကြီး ၃/ကကရ(နိုင်)၀၁၂၈၅၃ ဖြစ်ကြောင်း။

### မိဘအမည်မှန်

အမက(၁)ဒေါပုံမှ စတုတ္ထတန်း(က)တွင် ပညာသင်ကြားနေသော မချောကလျာခိုင်၏ မိဘအမည်မှန်မှာ ဦးစန်းငွေ-ဒေါ်လှလှမော် ဖြစ်ပါသည်။

**ဦးစန်းငွေ-ဒေါ်လှလှမော်**



### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၉၃၈၀၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်မာလွင် ၉/သစန(နိုင်)၀၀၇၄၈၉က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**



### အမွေပြတ်စွန့်လွှတ်ကြောင်း

အမှတ် ၇၀၊ ထွယ်ဆန်ရပ်ကွက်(၁၀)၊ မိုးကောင်းမြို့နယ်၊ နမ္မတီးတွင်နေထိုင်သော ဦးလမော်နော် ၁/မကတ(နိုင်)၀၇၀၃၅၈ နှင့် ဒေါ်မနန်း ၁/မကတ(နိုင်)၀၁၈၃၇၂၏သားဖြစ်သူ မောင်ဘရန်မိုင် ၁/မကတ(နိုင်)၁၃၀၀၅၂သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ ဒုက္ခပေးသောကြောင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ အဆိုးအကောင်းဟူသမျှကို တာဝန်ယူမည်မဟုတ်တော့ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

# တီလားပီးယားငါးမွေးမြူရေး

ယနေ့ ကမ္ဘာတွင်နိုင်ငံသားတိုင်းက အသားထက်ငါးကို ပိုမိုစားသုံးကြသည်။ ငါးစားသုံးမှု များပြားလာမှုကြောင့် သဘာဝအလျောက် ပေါက်ပွားသည့် ငါးများဖြင့် မလုံလောက်တော့ဘဲ ငါးမွေးမြူရေးတိုးချဲ့လုပ်ကိုင်ကြသည်။ ငါးမွေးမြူရာတွင် လက်ရှိဈေးကွက် စီးပွားရေးအရ တီလားပီးယားငါးမွေးမြူသူ များပြားလျက်ရှိကြောင်းသိရသည်။

လဆန်းရက်က နေ့စဉ်ထုတ်သတင်းစာတစ်စောင်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ခရမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ညောင်တုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် လက်ပံတန်းမြို့နယ် စသည့်မြို့နယ်များအတွင်းရှိ တီလားပီးယားငါးမွေးကန်များတွင် အဆင့်မြင့်မွေးမြူရေး နည်းပညာများကိုလက်တွေ့သင်တန်းပို့ချရန်အတွက် ဒီဇင်ဘာ တတိယပတ်တွင် စတင်ရန် စီစဉ်ထားကြောင်းနှင့် Wind of International နှင့် USAID တို့က ကူညီပံ့ပိုးပေးမည့်သတင်းကို ဖတ်လိုက်ရသည်။

တီလားပီးယားငါးမွေးမြူသူများအတွက်တန်ဖိုးမဖြတ်နိုင်သည့်သတင်းကောင်းဖြစ်သည်။ တီလားပီးယားငါးတို့၏ သဘောသဘာဝကို စာရေးသူလေ့လာမိသလောက် မိတ်ဆက်တင်ပြလိုပါသည်။ တီလားပီးယားငါးသည် ရေချိုနှင့်ရေငန်စပ်နေရာမျိုးတွင် မွေးမြူနိုင်သော ငါးမျိုးဖြစ်သည်။ အောက်ဆီဂျင် ပျော်ဝင်မှုနည်းသော နေရာတွင်လည်း အသက်ရှင်



နိုင်သည်။ ရေပေါ်၊ ရေလယ်နှင့်ရေအောက်အလွှာမရွေး သွားလာနေထိုင်နိုင်သည်။ တီလားပီးယားငါး၏ အစာမှာ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်နှင့် အသားများကိုစားသည့်အတွက်အစာမရှားသော ငါးမျိုးဖြစ်သည်။

တစ်နှစ်လျှင် သုံးကြိမ်သားပေါက်နိုင်ပြီး ငါးအမများသည်။ ၎င်းတို့၏ သားပေါက်များကို ပါးစပ်တွင် ငုံပြီး စောင့်ရှောက်တတ်ကြောင်းသိရသည်။ တီလားပီးယား အထီးများသည် အကောင်ကြီးလျှင် ကန်အောက်ခြေတွင် တွင်းတူးနေထိုင်တတ်သည်။ မွေးမြူသူများအနေဖြင့် တီလားပီးယား ငါးမွေးမြူလျှင် သားပေါက်ပြန်လည်ရရှိနိုင်သည့် အားသာချက်ရှိသော်လည်း လေးလတစ်ကြိမ် ပြန်လည်သားပေါက်သဖြင့် ကန်ကျပ်ပြီး ငါးကြီးထွားနှုန်း ကျဆင်းတတ်ကြောင်း သတိပြုရမည်ဖြစ်သည်။

ယခုအခါ တီလားပီးယားငါး ကြီးထွားနှုန်းကောင်းစေရန်နှင့် ကန်အတွင်း သားပြန်လည်မပေါက်ပွားစေရန် အထီးသက်သက် အမ သက်သက် သို့မဟုတ် ခွဲခြားမွေးမြူနေကြသည်ဟုသိရသည်။ တီလားပီးယားသည် ရာသီဥတုဒဏ်ခံနိုင်ပြီး မွေးမြူရလွယ်ကူသော ငါးမျိုးဖြစ်ကြောင်းလည်း သိရသည်။ ကြီးပွားလိုသူတို့ စီးပွားရှာကြရာတွင် ငါးသားပေါက်လည်းထပ်မံရှာဖွေရန်မလိုဘဲ လေးလတစ်ကြိမ်သားပေါက်၍ ငါးစာအတွက်လည်းခက်ခဲမှုမရှိသည့် တီလားပီးယားငါး မွေးမြူခြင်းလုပ်ငန်းကို အဆင့်မြင့်မွေးမြူရေးနည်းပညာများ လေ့လာသင်ယူပြီး အချိန်ရှိခိုက် လုံ့လစိုက်ကြပါစို့ဟု ရေးသားတင်ပြအပ်ပါသည်။

**အောင်ဝင်း(ဖျာပုံ)**

## ဘားအံ-သထုံအဝေးပြေးကားလမ်းမပေါ်တွင် ယာဉ်သုံးဆင့်တိုက်

**ဘားအံ ဒီဇင်ဘာ ၁၈**

ဒီဇင်ဘာ ၉ ရက်က ဘားအံ-သထုံ ကားလမ်းပေါ်၌ ယာဉ်တိုက်မှုသတင်းအရ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ် အောင်သန်းနယ်ထိန်းတပ်ကြပ်ကြီး အောင်မြင့်ဦး၊ လှာကာကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းဗိုလ်နှင့်ဦးဝင်းခိုင်တို့နှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ဘားအံဘက်မှ သထုံဘက်သို့ ယာဉ်မောင်း ကျော်ဇင်ဦး(၃၉နှစ်) အမှတ်(၃) ရပ်ကွက် ဘားအံမြို့နေသူ မောင်းနှင်လာပြီး ယာဉ်ပေါ်တွင် VOLVO မြေကော်ကားတင်ဆောင်ထားသော ယာဉ်အမှတ် ၆ဂ/--- ခဲရောင်တွဲယာဉ်သည် တန် ၉၀၀ ဘိလပ်မြေစက်ရုံဈေးတန်း ဒေါ်နုထမင်းဆိုင်ရှေ့တွင် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှဖုန်းလွင် (၃၂နှစ်) မြိုင်ကြီးငူနေသူ မောင်းနှင်သော ယာဉ်အမှတ် ၆ဂ/--- ၁၀ဘီး အပြာရောင်တစ်ပါကားကို လမ်းကျဉ်းသဖြင့် လမ်းဘေးချရပ်ထားစဉ် ဝင်တိုက်မိခဲ့ပြီး ၎င်း ၁၀ ဘီးကားမှ အရှေ့ ၁၅ ပေခန့် အကွာတွင် လမ်းဘေးချရပ်ထားသော ယာဉ်မောင်းထွန်းထွန်း (၄၇နှစ်) ဒေါပုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမောင်းနှင်သော ယာဉ် အမှတ် ၇က/--- ဆလွန်းအဖြူရောင်ကားကို အနောက်မှ ၁၀ဘီးကားက ထပ်မံဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် အနောက်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသောတွဲယာဉ်မှာ ရှေ့မှန်ကွဲ၊ ရှေ့ရှုပ်ပိန်ခဲ့ပြီး အလယ်မှရပ်ထားသော ၁၀ဘီးမှထပ်ဆင့်ဝင်တိုက်မိသော ဆလွန်းကားတွင် နောက်ဖုံးပိန်သွားကာ ယာဉ်ပေါ်ပါခရီးသည်များ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ အရှိန်မထိန်းနိုင်ဘဲ အနောက်မှဝင်ရောက်တိုက်မိသော ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းကျော်ဇင်ဦးအား ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# လူကုန်ကူးသူ တို့ရန်သူ တိုက်ဖျက်ကြမည် တို့ပြည်သူ

## မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ်(၉)ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager)သင်တန်းအမှတ်စဉ်(၉)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အမှတ်(၂၇၅-ဘီ) ပြည်လမ်း စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းကို နိုင်ငံတော်ရှိ စက်ရုံအလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေး စီမံခန့်ခွဲမှုစနစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့်အနှောင့်အယှက်အဟန့်အတားဖြစ်စေသော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ဥက္ကဋ္ဌများ၊ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌများတက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည့်သူများနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဖြင့် ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



## ကျောင်းဆောင်သစ် အဆောက်အအုံလွှဲပြောင်းပေးအပ်

**တောင်သာ ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဥယျာဉ်မူလတန်းကျောင်း၏ တိုးချဲ့ကျောင်းဆောင်သစ်အဆောက်အအုံကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်၊ ဒုတိယပညာရေးမှူး ဦးခင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ကျောင်းဆောင်သစ်မှာ အလျားပေ ၄၀၊ အနံပေ ၃၀ ရှိသည့် အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ်သိန်း ၁၂၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၄၂၆)**

## *နယ်စပ်ဒေသ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းဖွင့်*

***မူဆယ် ဒီဇင်ဘာ ၁၈***

*နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၀)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၃၇)သင်တန်းဖွင့်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ သင်တန်းသူများ တက်ရောက်ကြသည်။*

***ရှင်းလင်းတင်ပြ***

*အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက ဂုဏ်ပြု အားပေးစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာသင်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်နန်းစောရင်က (ရှမ်း/မြောက်) နယ်စပ်ဒေသ ဝေးလံခေါင်သီသောကျေးရွာများမှ တိုင်းရင်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။*

*အဆိုပါ သင်တန်းကို မူဆယ်ခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာများမှ တိုင်းရင်းသူ သမီးငယ်များ တက်ရောက်ကြပြီး အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၀) တွင် သင်တန်းသူ ၅၂ ဦးနှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၃၇)တွင် သင်တန်းသူ ၁၂ ဦး စုစုပေါင်း ၆၄ ဦးတက်ရောက်သင်ကြားကြကြောင်းသိရသည်။*

***အယ်လ်စိုး(iprd)***

**မွေးနေ့မင်္ဂလာဆုတောင်းလွှာ**

**ရှင်း ပျံ့မွေးတဲ့**
**သင်း ရနံ့နဲ့**
**အိမ် ရဲ့ဆည်းလည်း**

ချစ်သမီးဦးလေး **ရှင်းရနံ့အိမ်**ရဲ့ ၁၉-၁၂-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပညာပြည့်ဝ၊ နှလုံးလှ၍ လိုအင်ဆန္ဒပြည့်ဝလျက် သက်ရှည်ကျန်းမာစွာ ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါသည်။

**နှစ်ဖက်ဘိုးဘိုး၊ ဘွားဘွားများနှင့်**
**ဖေဖေ ဦးဇော်လင်းထိုက်(MD သစ်မင်းရတနာ) Co., Ltd-**
**မေမေ ဒေါ်ဟန်သီလွင်ဦး**
**ဦးငယ်-ဦးဆက်မော်လွင်ဦး**
**(2nd Officer MTM Shipping Management)-**
**တီတီ-ဒေါ်ဖြူဝေဇင်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မချိုမာစိုး ၁၃/သပန(နိုင်)၀၄၄၉၉၄၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၀၄၂၃၇

**(၇၅)နှစ်ပြည့် မွေးနေ့ဆုမွန်လွှာ**

နာယကကြီး ဦးထွန်းကြည်(ရွှေဟသာ်ပါကေးစက်ရုံ)၏ ၁၉-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော စိန်ရတုမွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် အသက်ရာကျော်ရှည်၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပြီး ဘာသာ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော သာသနာပြုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**သာစည်မြို့နယ်အသင်း**
**ရန်ကုန်မြို့**

**ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း**

ကျွန်တော်၏ဇနီး မမြစန္ဒာမြင့် ၁၄/ညတန(နိုင်)၀၉၃၁၀၀သည် ၎င်း၏ဆန္ဒအရ နိုင်ငံခြားသို့ လွန်ခဲ့သောတစ်နှစ်ခန့်မှ ထွက်သွားပါသဖြင့် ၎င်းအား ဇနီးအဖြစ်မှ ယနေ့မှစ၍ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ ၎င်း မမြစန္ဒာမြင့်နှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှ ကျွန်တော်နှင့် မသက်ဆိုင်တော့ပါကြောင်း။

**ဦးစောဒေးဒေး**

**အမည်ပြောင်း**

ဦးသိန်းမြင့်ဦး ၈/ဆပဝ(နိုင်)၀၀၅၆၃၄၏သမီး ကော့မှူးမြို့နယ်၊ ကျိုက်ထော်အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(A)မှ မသင်းသင်းမြတ်အား မသက်ထားဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသက်ထားဟန်**

**ဖခင်အမည်မှန်**

အထက(၁) ဒေါပုံ၊ ပဉ္စမတန်း(C)မှ မောင်ဝေယံထူးဇင်၏ ဖခင်အမည်မှန်မှာ ဦးမြတ်မင်း ၁၂/သလန(နိုင်)၀၇၉၇၈၀ ဖြစ်ပါသည်။

**မေတ္တာမိုးပရဟိတဖောင်ဒေးရှင်း**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ မင်းကျောင်းပရဟိတ ပရိယတ္တိ ပဋိပတ္တိ ဘက်စုံသာသနာပြုကျောင်းတိုက်ကြီးအတွင်း၌ ဘက်စုံပရဟိတဆရာတော် ဒေါက်တာဘဒ္ဒန္တဣဿရ M.A.Ph .D (Thesis) India ဓမ္မာစရိယဝိနယ ကောသလ္လနယ်လှည့်ဓမ္မကထိက မြို့နယ် ဘ/က ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ဝိနည်းဓိုရ်ဆရာတော် မေတ္တာမိုး(ပုတီးကုန်း) အရှင်သူမြတ်မှ ဖွင့်လှစ်ထားသော ဇီဝိတဒါန အခမဲ့ဆေးကုခန်းနှင့် မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကလေးငယ် ၄၀၀ ကျော်တို့ကို စာရေးသောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ထာဝရပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများ

| | | |
|---|---|---|
| ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ် | ၁၀၀၀၀၀ |
| ရေပဒေသာပင်တစ်ပင်လျှင် | ကျပ် | ၁၀၀၀၀ |
| မီးပဒေသာပင်တစ်ပင်လျှင် | ကျပ် | ၁၀၀၀၀ |
| ပညာရေးပဒေသာပင်တစ်ပင်လျှင် | ကျပ် | ၁၀၀၀၀၀ |
| ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ် | ၁၀၀၀၀၀ တို့ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။ |

| | | |
|---|---|---|
| **ဆက်သွယ်လှူဒါန်းရန်ဌာန** | **ဆရာတော်** | **ဖုန်း-၀၉-၅၃၆၀၄၃၆** |
| | **ပရဟိတရုံးခန်း** | **ဖုန်း-၀၉-၄၂၃၆၈၀၇၆၉** |
| | **အခမဲ့ဆေးပေးခန်း** | **ဖုန်း-၀၉-၃၁၆၅၁၉၁၂** |

**နှစ်ပေါင်း(၁၃၅)နှစ်ရှိသော သိမ်ကျောင်းတော်အား အသစ်ပြန်လည်ပြုပြင်ရန် နှိုးဆော်ခြင်း**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီမြို့နယ် သာယာဝတီမြို့ သာသနာစခဲ့သော မင်းကျောင်းပရဟိတ ပရိယတ္တိ ပဋိပတ္တိ ဘက်စုံသာသနာပြုကျောင်းတိုက်ကြီးအတွင်း၌ နှစ်ပေါင်း (၁၃၅)နှစ်ကျော်ရှိသောသိမ်ကျောင်းအား အသစ်ပြန်လည်ပြုပြင်မည်ဖြစ်ပါသောကြောင့် လှူဒါန်းလိုသူများ

| | | |
|---|---|---|
| ၁၀ပေပတ်လည်တစ်ခန်းလျှင် | ကျပ် | ၅၈၀၀၀၀ |
| ဘုရားခန်းတစ်ခန်းလျှင် | ကျပ် | ၁၅၀၀၀၀၀ |
| မတည်လှူဒါန်းလိုသူများ | ကျပ်သိန်း | ၅၀ |
| အပြီးအစီးဆောက်လုပ်လှူဒါန်းလိုပါက | ကျပ် | ၁၈၅ သိန်း |

ဖြင့် ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဘက်စုံပရဟိတသာသနာပြုဆရာတော်အား တရားပွဲပင့်လျှောက်လိုသူများသည် အောက်ပါဌာနများသို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

| | | |
|---|---|---|
| **ဆက်သွယ်လှူဒါန်းရန်ဌာန** | **ဆရာတော်** | **ဖုန်း-၀၉-၅၃၆၀၄၃၆** |
| | **ပရဟိတရုံးခန်း** | **ဖုန်း-၀၉-၄၂၃၆၈၀၇၆၉** |
| | **အခမဲ့ဆေးပေးခန်း** | **ဖုန်း-၀၉-၃၁၆၅၁၉၁၂** |

**မှုခင်းသတင်းနှင့်ကြော်ငြာ**

## ဟန်းဆက် နှစ်လုံး လာရောက်ရောင်းချသူ မသင်္ကာဖွယ်တွေ့ရှိ အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ဟန်းဆက်နှစ်လုံးလာရောက်ရောင်းချသူအားမသင်္ကာဖွယ်တွေ့ရှိ၍အရေးယူလိုက်ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ပန်းဘဲတန်းမြို့နယ် (၅)ရပ်ကွက် ရွှေဘုံသာလမ်းရှိ အဟောင်းတန်းတွင် လက်ကိုင်ဖုန်းများ လာရောက်ရောင်းချနေကြောင်း သတင်းရရှိသူ ဟိန်းထက်(ခ) အငယ်လေး အောင်မင်္ဂလာလမ်း ကျောက်မြောင်းကြီးစံပြရပ်ကွက် တာမွေမြို့နယ်နေသူအား HUAWEI 610 နှင့် HUAWEI စာတန်းပါ ဟန်းဆက်နှစ်လုံးကို ငွေကျပ်၁၇၀၀၀၀ဖြင့် လိုက်လံရောင်းချနေသောကြောင့် ခေါ်ယူစစ်မေးရာ ၄င်းပိုင်ဆိုင်ကြောင်း အထောက်အထားပြသနိုင်ခြင်းမရှိသည့်အပြင် ၄င်း၏ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ ဆင်းကတ်တစ်ခုတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။ **(အောက်ပုံ)** **(စိုးဝင်း-SP)**



## ဘိန်းဖြူဆပ်ပြာခွက် ၅၃ ခွက် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် လယ်မီးကျေးရွာအုပ်ချုပ်ရေးမှူးထံမှ ဟိုပင်မြို့နယ်ခွဲ အင်းလေးကျေးရွာအုပ်စု အင်းလေးကျေးရွာ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း အနောက်ဘက် ပေ ၁၀၀ ခန့်အကွာ ညောင်ပင်အောက် ချုံတောအတွင်းရှိ ပီနံအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်များတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားလာခဲ့သဖြင့် နန်းမားနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်များအရ ပီနံအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၅၃ ခွက် စုစုပေါင်းအလေးချိန် ၇၀၀ ဒသမ ၇၆ ဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၂၀ ဒသမ ၄၅၆ သိန်းကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုရဲ**



## ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရာ မူးယစ်ဆေးဝါးများဖမ်းမိ

**မူဆယ် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် မူဆယ်မြို့နယ် အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁နာရီခွဲက မော်တောင်းကျေးရွာအဝင် မူဆယ်-မန္တလေးကားလမ်းမပေါ်တွင် ပိတ်ဆို့ရှာဖွေရေး ဆောင်ရွက်နေစဉ် နမ့်အွန်ရွာမှ မူဆယ်သို့ ကွတ်ခိုင်မြို့နယ် တက္ကနိုင်းရွာနေ လဆမ်(၃၇နှစ်) မောင်းနှင်ပြီး နောက်မှလိုက်ပါလာသူ ရန်လန်ဟွေ့ (၄၁နှစ်)နှင့် လွယ်ဂျယ်ရွာ မိုးမောက်မြို့နယ်နေသူပါ နှစ်ဦးလိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရာ ရွယ်နူး(၃၈နှစ်)၏ ဝဲဘက်လက်အတွင်း ကိုင်ဆောင်ထားသည့်အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ အဖုံးပါပဲနို့သံဘူးအတွင်း သို့ဝှက်သယ်ဆောင်လာသည့် အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် 88 နှင့် 1စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ပါ ၁၀ အိတ်စီထည့်ထားသော ပဲနို့သံဘူးနှစ်ဘူး၊ ၁၉၀ ပါ ကိုးအိတ်စီထည့်ထားသော ပဲနို့သံဘူး တစ်ဘူး စုစုပေါင်း ဆေးပြား ၅၅၁၀ တန်ဖိုးငွေကျပ် ၁၁၀၂၀၀၀၀၊ တရုတ်ဖုန်း VIVO အမျိုးအစားမီးခိုးရောင်လက်ကိုင်ဖုန်း တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ လဆမ်၊ ရန်လန်ဟွေ့နှင့် ရွယ်နူးတို့သုံးဦးအား မူဆယ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## အင်းစိန်နှင့် လှိုင်သာယာမြို့နယ်များအတွင်းမှ ခါးပိုက်နှိုက်များ ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အင်းစိန်နှင့် လှိုင်သာယာမြို့နယ်အတွင်းမှ ခါးပိုက်နှိုက်များအား ဖမ်းဆီးရေးအတွက် သက်ဆိုင်ရာမှ တာဝန်ယူဆောင်ရွက်လျက်ရှိစဉ် ဒီဇင်ဘာ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ဖွဲ့ခွဲ(၂) မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ ရက် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် ကားမှတ်တိုင်များ၌ ခါးပိုက်နှိုက်ဖမ်းဆီးရေးအတွက် ဆောင်ရွက်လျက်ရှိစဉ် ပေါက်တောဝမှတ်တိုင်အရောက် ယာဉ်လိုင်းအမှတ် (၇၉) ယာဉ်ပေါ်မှ ဆင်းလာသော ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူများဖြစ်သည့် အောင်အောင်(ခ) ကတုံး (၂၀) ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူနှင့် ကျော်ကျော်ဦး(ခ) အညာသား (၅) ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူနှစ်ဦးတို့အား ရှာဖွေရာ အောင်အောင်(ခ) ကတုံးထံမှ ငွေကျပ် ၁၂၀၀၀ ကို တွေ့ရှိသဖြင့် စစ်မေးရာ ယာဉ်လိုင်းပေါ်ပါ အသက် (၄၀ နှစ်) ခန့် အမျိုးသားတစ်ဦးထံမှ ကျော်ကျော်ဦး(ခ) အညာသားက လူကာပေးပြီး ၄င်းမှနှိုက်ယူရရှိခဲ့သောငွေများဖြစ်ကြောင်း သိရှိရသဖြင့် အင်းစိန်မြို့မရဲစခန်းကလည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင်လည်း ရန်ကုန်- ပုသိမ်လမ်း အဆင့်မြင့်မှတ်တိုင်တွင် စောင့်ဆိုင်း၍ ခါးပိုက်နှိုက် ဖမ်းဆီးရေးဆောင်ရွက်စဉ် အမှတ်(၈၁) ယာဉ်လိုင်းပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက် ပြစ်ချက်ဟောင်းရှိသူများ ဖြစ်ကြသော လှိုင်သာယာမြို့နယ်နေသူများဖြစ်ကြသည့် အောင်မင်းထွန်း(ခ) အောင်ချမ်း(ခ) တရုတ်ကြီး၊ ဌေးမောင်မောင်နှင့်မင်းသူရ(ခ) ဗိုက်ကလေးတို့ သုံးဦးအား တွေ့ရှိရှာဖွေရာ အောင်မင်းထွန်း (ခ) အောင်ချမ်းသာ(ခ) တရုတ်ကြီးထံမှ ငွေကျပ် ၂၀၀၀၀ တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်ရာ ယာဉ်လိုင်းပေါ်ပါ အသက် ၄၅နှစ်ခန့် အမျိုးသမီးတစ်ဦးထံမှ ဌေးမောင်မောင်နှင့်မင်းသူရတို့က လူကာပေးပြီး ၄င်းမှ နှိုက်ယူခဲ့သောငွေများဖြစ်ကြောင်း သိရှိရသဖြင့် လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

## တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ဧပြီလမှ နိုဝင်ဘာလ အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၁၈၇၆၀ ဒသမ ၈၈၆၉ တန်၊ မီးသွေး ၉၆၇၆ ဒသမ ၈၉၈၉ တန်၊ ယာဉ်/ ယန္တရား ၉၄၁ စီးနှင့် သစ်စက်/အင်ဂျင် ၂၀၂ လုံးကို ဖမ်းဆီးရမိခဲ့သည်။

ကျောက်ဖြူခရိုင် အမ်းမြို့နယ်မှ သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၇ ရက်က အမ်း-မအီကားလမ်းမိုင်တိုင် (၀/၂)အနီး၌ ယာဉ်တစ်စီးနှင့် တရားမဝင် ကျွန်းခွဲသား ဆိုက်စုံ ၄၇ ချောင်း၊ ၇ ဒသမ ၂၉၈၄ တန်တို့ကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## မွေးမြူရေးလုပ်သားသင်တန်းများအား အထောက်အကူပြု ဆေးနှင့်ဆေးပစ္စည်းများပေးအပ်

**ရေဦး ဒီဇင်ဘာ ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်သား သင်တန်းသားများကို အထောက်အကူပြု ဆေးနှင့်ဆေး ပစ္စည်းကိရိယာများ ပေးအပ်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညိုဝင်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်စန်းတင့်က သင်တန်းသားများ၏ တာဝန်နှင့်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်တာဝန်ရှိသူများက မွေးမြူရေးလုပ်သားသင်တန်းသားတစ်ဦးချင်းစီကို အထောက်အကူပြု ဆေးနှင့်ဆေးပစ္စည်းများပေးအပ်ခဲ့သည်။ **သန်းထိုက်(ရေဦး)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျေးဇူးရှင် ချစ်ဖေဖေ...

**ဗိုလ်မှူးချုပ် (ငြိမ်း) ဒေါက်တာဝင်းမြင့်**

**B.E.(Civil), M.Phil. (Civil), M.E.(Structures), D.Eng.,**

**F.MES., M.ASCE., F.RINA., Hon.F.AFEO., F.AAET., ASEAN Eng., P.E.,**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌအဖြစ် ထိုက်ထိုက်တန်တန် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရပ်အကျိုး ရွာအကျိုး၊ တိုင်းအကျိုး ပြည်အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးနှင့် အင်ဂျင်နီယာလောကတစ်ရပ်လုံး၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ**
**ကနောင်ကုမ္ပဏီလီမိတက်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျေးဇူးရှင် ချစ်ဖေဖေ...

**ဗိုလ်မှူးချုပ် (ငြိမ်း) ဒေါက်တာဝင်းမြင့်**

**B.E.(Civil), M.Phil. (Civil), M.E.(Structures), D.Eng.,**

**F.MES., M.ASCE., F.RINA., Hon.F.AFEO., F.AAET., ASEAN Eng., P.E.,**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌအဖြစ် ထိုက်ထိုက်တန်တန် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရပ်အကျိုး ရွာအကျိုး၊ တိုင်းအကျိုး ပြည်အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးနှင့် အင်ဂျင်နီယာလောကတစ်ရပ်လုံး၏ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဇနီး** - ဒေါ်တင်မမထွန်း
**ချစ်သား/ချစ်သမီးများ** - (ဗိုလ်ကြီးနေလင်းဦး)-ဒေါ်ပပခင်
ဗိုလ်မှူးကြီးအောင်သိန်းဦး-ဒေါ်သင်းသင်းစုလှိုင်
ဦးဖြိုးဝေလင်း-ဒေါ်ချယ်ရီကိုကိုနိုင်
ဦးထွန်းလင်းစိုး-ဒေါ်အေးသက်စုလှိုင်
**ချစ်မြေးများ** - ထိပ်တင်ဦး၊ ထိပ်တင်ကြီး၊ ထိပ်တင်လတ်၊ ထိပ်တင်မလေး၊ ထိပ်တင်လေး၊ ထိပ်တင်လင်း

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ခ/၄၄၈၉ Mitsubishi canter FE 315 Bယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်ဦး ၅/ရဘန(နိုင်)၀၀၀၁၃၃က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၁၀၅၂၄၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာမိုး ၉/မထလ(နိုင်)၁၄၄၂၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၇၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဆွေ ၅/ယမပ(နိုင်)၀၃၅၆၀၂ က စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ယ/၅၄၇၆၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြတ်သူ ၂/လကန(နိုင်)၀၆၅၂၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ယ/၅၆၁၉၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ကြည် ၂/လကန(နိုင်)၀၁၅၂၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

### အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးမြင့်အောင်၏သား ဦးပြည့်ငြိမ်းအောင် အထက်တန်းရှေ့နေ (စဉ်-၃၀၁၅၅) ကိုင်ဆောင်သူအား ပြည့်ငြိမ်းအောင် (ခ) စိုင်းနော်မိန်းဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

**ပြည့်ငြိမ်းအောင်(ခ)စိုင်းနော်မိန်း**
**၇/ပခန(နိုင်)၂၂၄၀၂၄**

## နယ်သတင်းနှင့်ဖော်ပြ

# ကော့သောင်းမြို့၌ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းဖွင့်ပွဲကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၁၈**

ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၆၆)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ကော့သောင်းခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်းအုပ်နှင့် ဆရာမများသင်တန်းသူ ၅၀ တက်ရောက်သည်။

အဆိုပါသင်တန်းကို ငယ်ရွယ်သူအမျိုးသမီးလေးများအား အသက်မွေးဝမ်းကျောင်းပညာအဖြစ် ဘဝရပ်တည်မှု ရရှိစေရန် ဆင်းရဲနွမ်းပါးမှုလျှော့နိုင်ရေးရည်ရွယ်ကာ နယ်စပ်ဒေသများတွင် နိုင်ငံတော်မှ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**





# ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ အနေကဇာတင် ပြည်နယ်နှင့် တိုင်းဒေသကြီးများထံသို့ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရွှေတိဂုံစေတီ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူငါးထောင့်ငါးရာ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားနှင့်နယ်စပ်ဒေသ အပါအဝင် တိုင်းဒေသကြီးများအတွင်းရှိ ကျေးလက်ဒေသများသို့ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက်က ရန်ကုန်မြို့ ပါဠိတက္ကသိုလ်ဩောင်တုန်းကျောင်း လှုရတနာစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး လှုရတနာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဌကထာပြန်အကျော်၊ သ-စ-အ ဓမ္မာစရိယ၊ ဝဋ္ဋသကာပါဠိပါရဂူ)အမှူးပြုသော သံဃာတော်အပါး ၂၀၀တို့က ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အလှူရှင် ဦးမျိုးအောင် ဥက္ကဋ္ဌ (SAME SKYကုမ္ပဏီ)မိသားစုတို့က အနေကဇာတင်တော်မူကြသော သံဃာတော်အပါး ၂၀၀တို့အား သင်္ကန်းနှင့် ဗလာစာအုပ်များနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြပြီး ငါးပါးသီလ ခံယူဆောက်တည်ကာ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေ၍ အရဟံဆွမ်းများ ဆက်ကပ်သည်။

ထို့နောက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အလှူရှင်ဦးမျိုးအောင်နှင့် မိသားစုတို့က ရှမ်းပြည်မြောက်ပိုင်း ကွမ်းလုံဒေသသို့ အဆူ ၁၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများသို့ အဆူ ၂၀၀၀၊ မကွေးတိုင်းဒေသကြီးအတွင်း ကမ္မမြို့ အပါအဝင် ကျေးလက်ဒေသများသို့ အဆူ ၂၀၀၀ မြင်းခြံခရိုင်အတွင်းသို့ အဆူ ၅၀၀တို့ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ) ခရမ်းစိုးမြင့်**

# ကန်ကြီးထောင့်တွင် ကလေးသူငယ်ဖြစ်ရပ်များ စီမံခန့်ခွဲမှုသင်တန်းဖွင့်

**ကန်ကြီးထောင့် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးအသင်း (CFN)တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်အဆင့် ကလေးသူငယ်ဖြစ်ရပ်များ စီမံခန့်ခွဲမှုသင်တန်းကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ဧရာသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကလေးသူငယ်ဖွံ့ဖြိုးရေးအသင်း (CFN) အတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကန်ကြီးထောင့်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးကြည်လွင်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်စန်းစန်းဦးနှင့် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ဌေးဇင်မော်တို့က ကလေးသူငယ်ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သော ဥပဒေများနှင့် ဖြစ်ရပ်များအား ပို့ချသည်။

**တက်ရောက်**

အဆိုပါသင်တန်းအား ဒီဇင်ဘာ ၁၆ရက်မှစ၍ ၁၇ရက်အထိ နှစ်ရက် ဖွင့်လှစ်ရာ သင်တန်းသား သင်တန်းသူ စုစုပေါင်းအင်အား ၂၀တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖဲမြို့မဈေးရှိ ပုံကျဈေးသည်များ အသေးစားချေးငွေထုတ်ချေး

**ဖဲ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်အရ ဖဲမြို့မဈေးကြီးအတွင်းရှိ အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ဝင် ပုံကျဈေးသည်များအား ချေးငွေထုတ်ချေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် ညနေ ၃နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးအကျိုးတော်ဆောင်နှင့် ပုံကျဈေးသူ ဈေးသားများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က ပုံကျဈေးသည် စုစုပေါင်း ၅၀တို့ကို တစ်ဦးလျှင် ကျပ်၆၀၀၀၀နှုန်းဖြင့် ငွေကျပ်သိန်း ၃၀အား ထုတ်ချေးပေးကြောင်း သိရသည်။ **(အောက်ပုံ) သန်းနိုင်ဦး (ဖဲ)**



# သန်းခေါင်စာရင်းဆိုင်ရာ ပညာပေးဟောပြော

**ဟိုပင် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သော သန်းခေါင်စာရင်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀နာရီက မြို့သစ်ကလေးကျေးရွာအုပ်စု မြေကျေးရွာ အနန္တဂုဏ်ရည်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တိုးတိုးမေတို့က သန်းခေါင်စာရင်းဆိုင်ရာသိသင့်သည့်အချက်များကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ခွဲစက်မှုလယ်ယာဦးစီးအရာရှိ ဦးသွယ်မောင်မောင်ထွန်း၊ မြေစာရင်းဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ စိုက်ပျိုးဦးစီးမှူး ဦးစိန်လွင်၊ ကျန်းမာရေးကြီးကြပ်(၁)ဆရာမဒေါ်စန္ဒာဦးတို့က သက်ဆိုင်ရာဌာနအလိုက် ဌာနလုပ်ငန်းများ အသီးသီးရှင်းလင်းပြောကြားကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**


## မန္တလေးမြို့၊ အမှတ် (၁၆) အထက
## (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မန္တလေးမြို့၊ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသားဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောင်းစုဝေးခန်းမသစ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ အထက(၁၆)တွင် လုပ်သက်ငါးနှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃၁-၁-၂၀၁၄ ရက်တွင် အသက် (၅၅)နှစ်ပြည့်ပြီး ဆရာကြီး ဆရာမကြီးများ ပူဇော်ခံကြွရောက်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျောင်းသားဟောင်းများ ဤကြော်ငြာကို ဖိတ်စာအဖြစ်မှတ်ယူ၍ ပူဇော်ပွဲသို့တက်ရောက်ကြပါရန်နှင့် အောက်ပါအမှုဆောင်များထံတွင် အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပါဝင်လှူဒါန်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| ဒေါ်သန်းသန်းနွဲ့ (ကျောင်းအုပ်ကြီး၊ အထက-၁၆) | ၀၂-၃၂၂၈၈ | ဦးအောင်မွန်လတ် (ဒု-ညွှန်မှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ၀၉-၅၀၄၆၄၀၇ |
| ဦးချမ်းသာ (နာယကအဖွဲ့ဝင်၊ အထက-၁၆) | ၄၀၂၅၁၈၈၁၆ | ဦးမောင်ရွှေ (စိန်မောင်စတိုး၊ လမ်း ၃၀၊ ၇၂×၇၃ လမ်းကြား) | ၀၉-၆၈၀၃၃၈၃ |
| ဒေါ်မြတ်သူဇာ (၃၂×၃၃ ကြား၊ ၇၄×၇၅ ကြား၊ မောရဂီဝါရပ်) | ၄၀၂၅၃၂၀၁၆၊၀၂-၃၂၂၈၁ | ဦးခင်မောင်ဖုန်း (မင်္ဂလာစတိုး၊ လမ်း ၃၀၊ ၇၁×၇၂ လမ်းကြား) | ၀၉-၈၁၀၂၁၆၉၈ |
| ဒေါ်သန်းသန်းဦး (မြတ်လေးသစ္စာ၊ လမ်း ၈၀၊ ၃၅×၃၆ကြား) | | ဦးဝင်းမြင့် (၃၉/၄၊ ၃၅လမ်း၊ ၆၈×၆၉လမ်းကြား) | ၀၉-၅၃၀၁၅၈၉ |
| ဒေါ်ဖြူဖြူတင် (နဝရတ်အိမ်ရာ၊ B-403 ၊လမ်းသွယ် ၄) | ၀၉-၂၀၂၁၁၂ | ဦးမိုးဇော် (မန္တလေးမြို့) | ၀၉-၂၀၁၀၄၁၁ |
| ဦးရဲလင်းမြင့် (ဒုညွှန်မှူး(စီမံ) အမှတ်-၂ အခြေခံပညာဦးစီးဌာန) | ၀၉-၄၃၁၂၄၁၇၅ | ဦးထွန်းလွင်ဦး (ထွန်းသင်းဘုရားသား၊ ၂၆ လမ်း၊ ၈၀×၈၁လမ်းကြား) | ၀၉-၄၃၀၆၁၂၁၂ |
| ဦးအောင်ပန် (ရန်ကုန်မြို့) | | ဦးတင်မျိုးညွန့် (နီယာ-တီဗွီ၊ ကက်ဆက်ရောင်းဝယ်ရေး၊ ဈေးချို) | ၀၉-၅၁၂၆၁၀၉၈ |
| ဦးသိန်းထွန်းဇော် (မြို့နယ်မြေစာရင်းဦးစီးဌာနမှူး) | ၀၉-၂၀၀၃၂၃၄၊ ၀၂-၆၂၄၆၀ | ဦးအေးချမ်းသူ (မဟာမြိုင်-၁) | ၀၉-၂၀၁၄၂၆၄ |
| ဦးလှိုင်ဘွား (မန္တလေးမြို့) | ၀၉-၂၀၂၄၈၃၇ | ဦးရဲဝင်းဟန် (၇၁×၇၂လမ်းကြား ၊ ၃၀×၇၁ လမ်းကြား၊ ရန်မျိုးလုံရပ်) | ၀၉-၂၀၀၅၉၃၅ |
| ဦးသီဟဦး (အကြီးတန်းအင်ဂျင်နီယာ၊ ၇၆ လမ်း၊ ၃၅×၃၆ ကြား) | ၀၉-၂၀၂၂၀၁၁ | ဒေါ်ကြည်ကြည်ဌေး (ရန်ကုန်မြို့) | ၀၁-၇၀၃၈၁၆ |
| ဒေါက်တာနီနီအောင် (မော်ကွန်းထိန်း၊ နည်းပညာတက္ကသိုလ်၊ မြစ်ကြီးနားမြို့) | ၀၉-၄၃၀၅၅၁၆၇ | ဒေါ်ပုလဲ (ရန်ကုန်မြို့) | ၀၉-၅၁၈၁၁၅၁ |
| ဦးဇာနည်အောင် (GI -Group Express ခရီးသည်ပို့ဆောင်ရေး၊ မူဆယ်-မန္တလေး) | ၀၉-၆၈၇၇၇၇၇ | ဒေါ်နီလာခင် (ရန်ကုန်မြို့) | ၀၉-၅၀၄၀၄၃၃၄ |
| | | ကမ္ဘောဇဘဏ် (မင်္ဂလာဈေး-မန္တလေးမြို့၊ ဘဏ်စာရင်းအမှတ် ၀၄၁၁၂၂၀၀၀၅၇၇၂၀) | |
| ဦးမင်းသန်း MGS Beverages Co.,Ltd. "Sale Manage Upper Myanmar | ၀၉-၄၀၂၆၃၈၈၈၀ | | |
| ဒေါက်တာသွယ်သွယ်တိုး (အေဝမ်းပွဲရုံ) | ၀၉-၂၁၅၀၀၁၉ | | |

**အထက(၁၆)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းသားဟောင်း ဆရာ ဆရာမများ**

ဦးတင်သိန်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်ထားထား၊ ဒေါ်ဝင်းမိမိ၊ ဒေါ်သီဂီအုန်း၊ ဒေါ်မိုးသီတာ၊ ဒေါ်စန်းစန်းရီ၊ ဒေါ်သစ်သစ်မေ၊ ဒေါ်ဥမ္မာစိန်၊ ဒေါ်မြမြမူ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်နီလာဦး၊ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ခိုင်ခိုင်အိ၊ ဒေါ်မြင့်မြင့်၊ ဒေါ်ညွန့်ညွန့်အေး၊ ဒေါ်ခင်မာဝေ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်ချိုနွယ်အောင်၊ ဒေါ်ပုံပုံအိ၊ ဒေါ်ကျော့ကေခိုင်စိုး၊ ဒေါ်ခင်မာချို၊ ဒေါ်စန်းစန်းဦး



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၁၇၃၊ မြေကွက်တည်နေရာအမှတ် ၁၄၅၊ မိတ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေကွက်အမှတ် (ပ-၂၁၁၄၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်ခင်မာဝင်းအမည်ဖြင့် ပိုင်ဆိုင်သော နှစ်၃၀မြေငှားဂရန်မြေကွက်အား ဦးဝင်းမင်းလွင် ၁၂/မဂတ(နိုင်)၀၁၁၀၄၈ (ဘ)ဦးစန်းလွင်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး ဂရန်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**အမည်မှန်**

ပြင်ဦးလွင်မြို့၊ ဆင်လမ်းကျေးရွာ ဦးစောအလ်ဘတ်၏သမီး ၂၀၁၃ ခုနှစ် ပညာသင်နှစ် မမ-၂၉၆၃ ဖြင့် အောင်မြင်ခဲ့သူ မနန်းသိန်းအောင်(ခ)မနန်းဇကရီနှင်းမှာ တစ်ဦးတည်းဖြစ်ကြောင်း။ **မနန်းသိန်းအောင်(ခ)မနန်းဇကရီနှင်း**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၃၇၉၃၃ Kenbo -110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင်ထွန်း ၉/သခန(နိုင်)၁၂၀၆၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရန် ဇာတ်ပွဲရုံမြေနေရာများရောင်းချရန် လေလံခေါ်ယူခြင်း

၁။ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၈ရက်မှ လပြည့်ကျော် ၁ရက်အထိ (၇-၂-၂၀၁၄ရက်မှ ၁၅-၂-၂၀၁၄ရက်အထိ) ဇာတ်ပွဲ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ဇာတ်ပွဲရုံကြီးလေးရုံ မြေနေရာနှင့် ကြည့်ချင်ပွဲများအတွက် ရုံမြေနေရာများကို အောက်ဖော်ပြပါ နေ့ရက်တွင် လေလံတင် ရောင်းချသွားမည်ဖြစ်ပါသည်။

**လေလံတင်ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့)

**လေလံတင်ရောင်းချမည့်အချိန်** - မွန်းတည့် ၁၂း၀၀ နာရီတိတိ

**လေလံတင်ရောင်းချမည့်နေရာ** - ဂေါပကအဖွဲ့ရုံး

၃။ ရုံမြေနေရာများ လေလံတင်ရောင်းချသည့် လေလံတင်စည်းကမ်းသတ်မှတ်ချက်အသေးစိတ် အချက်အလက်များနှင့် လေလံပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/-ဖြင့် ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်**
**ဖုန်း-၀၅၆-၂၁၁၄၃**
**၀၅၆-၂၂၀၃၂**

# MY Associates Co., Ltd.
## *(Industrial Ingredients Division)*
## ATTRACTIVE SALARY

We are looking for energetic and enthusiastic people who manage to work efficiently and effectively, and ensure to achieve according with organization's goal and objective at the following positions:

**1) Chief Accountant** — **Male / Female (1)Post**

**Responsibilities**

- Prepare the monthly accounts, annual budgets and forecasts of in an accurate and timely manner; Ensure that accounts and budgets are prepared and reported in accordance with local accounting standards and according to IFRS;
- Prepare accurate and timely internal and external reporting;
- Prepare accurate and timely analyses of performance. Identify key areas where corrective action is needed. Together with the General Manager implement the necessary changes.
- Handle other day-to-day operations in the finance and accounts dept, including treasury; Monitor and forecast cash flows. Ensure that the business has the optimal cash levels to operate
- Maintain good communication with relevant external parties (local authorities, auditors, insurers, parent company, etc.);
- Ensure that all required company secretarial duties are performed.
- Coordinate with external legal counsel for all legal issues i.e.legal document filing, consulting, business licenses etc.
- Make sure that all the taxation reports are properly filed and registered
- Based on corporate standards, lead the development and implementation of appropriate control processes
- Make sure that the business is fully aligned with group policies
- Lead and develop the finance and accounting team to satisfy the business needs

**Required skills, knowledge, and experiences**

- 5 years related experience in Finance Manager/ Chief Accountant position
- Experience with an MNC and in a cross cultural environment
- Experience in establishing and implementing business processes
- Tertiary education in finance or accounting. Qualified CPA or equivalent education is preferable.
- Previous work experience with an audit firm advantage
- Working experience with IFRS
- Good command of English (oral and written) coupled with good interpersonal skills and ability to work with tight deadlines.

**2) Business Manager** — **Male / Female (1)Post**

**Required skills, knowledge, and experiences**

**B.Sc (Science or Engineering or Pharmaceutical) and Above**

- Preferred further graduation in MBA / DMA or other relevant post- graduated degree
- Fluent in spoken and written English, and computer knowledge in MS Office.
- 5 years experience in industrial and corporate marketing
- Good personality and well corporate and coordinate at team work.
- Able to travel within the country as well as overseas.
- Must drive and have valid driving license.

Note: Only short listed candidates will be notified for interview and written exam.

Applicants interested in this position, please submit to address below during office hours, your application letter, one passport size photo, CV with complete personal data including job experiences, educational certificates and character recommendation from township police station.

**MY Associates Co., Ltd (IID) ,** Rm (701 & 702), 7th Floor, Block(B), Dagon Centre, Pyay Road, Myaynigone, Sanchaung Township, Yangon. Tel:+95(0) 1 510 515/ 525 990/ 527 642

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သာစည်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၇**

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊သာစည်မြို့ **နှင့်** ၁။ ဦးညွန့်ခင် ၂။ ဒေါ်ကြည်ဝင်း
**တရားနိုင်** **တရားရှုံးများ**

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ်(၁၈၁၀/ရွာကြီးတောင်)၊ မြေကွက်အမှတ် ၂၄၊ မြေချိန်ဧရိယာ ၀ဒသမ ၁၂၆ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၇၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သိန်းဟန်**
**မြို့နယ်တရားသူကြီး၊ သာစည်မြို့နယ်တရားရုံး**

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သာစည်မြို့နယ်တရားရုံး**
**၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၄၈**

မန်နေဂျာ **နှင့်** ၁။ ဦးပန်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စန်းလှိုင်
သာစည်မြို့။
**တရားနိုင်** **တရားရှုံးများ**

၂၀၀၀ခုနှစ် တရားမကြီးမှုအမှတ်-၂၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၅ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

သာစည်မြို့၊ အောင်သာကျေးရွာ၊ ကွင်း(၁၈၃၉/အောင်သာကွင်း)၊ ဦးပိုင်အမှတ် ၁၆၆၊ မြေကွက် အမှတ် ၅၇၉၊ ဧရိယာ ၀ဒသမ ၃၁၆ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၇)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ လူနေနှစ်ထပ်တိုက်။

**လေလံကြမ်းခင်းဈေး ကျပ် ၇၈ သိန်း ။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သိန်းဟန်**
**မြို့နယ်တရားသူကြီး**
**သာစည်မြို့နယ်တရားရုံး**

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သာစည်မြို့နယ်တရားရုံး**
**၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၁၁**

မန်နေဂျာ **နှင့်** ၁။ ဦးနုလှိုင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်မြင့်
သာစည်မြို့။
**တရားနိုင်** **တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၆ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

သာစည်မြို့၊ ဝမ်းသာကျေးရွာ၊ ကွင်းအမှတ် ၁၆၃၁/ဝမ်းသာအရှေ့၊ ဦးပိုင်အမှတ် ၁၆၂၊ မြေချိန်ဧရိယာ ၀ ဒသမ ၄၅၉ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၃၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သိန်းဟန်**
**မြို့နယ်တရားသူကြီး**
**သာစည်မြို့နယ်တရားရုံး**

# ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သာစည်မြို့နယ်တရားရုံး**
**၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၅၀**

မန်နေဂျာ **နှင့်** ဒေါ်စောလှ ပါ(၂)
မြန်မာ့စီးပွားရေးဘဏ်
သာစည်မြို့။
**တရားနိုင်** **တရားရှုံးများ**

၂၀၀၀ခုနှစ် တရားမကြီးမှုအမှတ်-၂၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၅ ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ်(၁၈၁၀/ရွာကြီးတောင်)၊ ဦးပိုင် ၇၄၊ ဧရိယာ ၀ဒသမ ၂၅၃ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၆×၂၇)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ လူနေတစ်ထပ်တိုက် (၁၈×၁၈)ပေ၊ သွပ်မိုး၊ အုတ်ကာ မီးဖိုချောင်၊(၂၇×၁၈)ပေ သွပ်မိုး၊ အုတ်ကာ၊ စက်ရက်ကန်းရုံနှင့် စက်ပစ္စည်းများ။

**လေလံကြမ်းခင်းဈေး ကျပ် ၇၃ သိန်း။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

